# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-3-2007) (၅၂၅၄)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်မှုံစစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　　မတ်　　၆

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ရေးပြစုရပ်ကွင်းသို့ သွားရောက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်မှုံစစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းသို့ တပ်မှုံစစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့် ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်မှုံစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက စစ်ရေးပြအဆင့်အတန်းမြင့်မားရေးအတွက် အားသွန်ခွန်စိုက် လေ့ကျင့်ဆောင်ရွက်ကြရေး၊ စည်းကမ်းစနစ်တကျရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၆-၃-၂၀၀၇)

| | |
|---|---|
| **ဘားအံ** | ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်) |
| **ရန်ကုန်** | ၃၇ ဒီဂရီစင်တီဂရိတ် (၉၈ ဒီဂရီဖာရင်ဟိုက်) |

## ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

*ကျိုင်းတုံနဲ့ မိုင်းဖြတ်က ၅၁ မိုင်၊ မိုင်းဖြတ်မှ တာချီလိတ်က ၅၁ မိုင်၊ ကျိုင်းတုံမှ တာချီလိတ်အထိ ခရီးအကွာအဝေး ၁၀၂ မိုင်လောက်ရှိတာပေါ့။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလမှာ တစ်ရက်ခရီးနဲ့ ရောက်ဖို့မလွယ်တဲ့လမ်းကြမ်းကြီးပါ။ ယခု လေးလမ်းသွား နိုင်လွန်ကတ္တရာ ဟိုက်ဝေးလမ်းဟာ ဖြောင့်လည်းဖြောင့်၊ ကျယ်လည်းကျယ်၊ ကိုယ်ပိုင်ကားနဲ့မနားတမ်းမောင်းမယ်ဆိုရင် အချိန်သုံးနာရီမကြာဘဲ ရောက်သွားနိုင်တယ်လေ။ တပ်မတော်အစိုးရဟာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အလေးထားဆောင်ရွက်ခဲ့လေတော့ သွားလာရေးမှာ အလွန်တိုးတက်ကောင်းမွန်လာပါတယ်။*

ချစ်နိုင်(စိတ်ပညာ)၏ **"ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်သို့ စာပေဟောပြောပွဲခရီး"**

(ဆောင်းပါး)　စာမျက်နှာ-၃

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၇-၃-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

# မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးသည် မြန်မာ့ရုပ်ရှင်လောက၏ အသက်ဖြစ်သည်။ အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့သရုပ်ဆောင်၊ ရိုက်ကူးထုတ်လုပ် တင်ပြလိုက်သည့် ရုပ်ရှင်ဇာတ်ကားများ၏ ဇာတ်လမ်းအရည်အသွေး၊ သရုပ်ဖော်ရိုက်ကွက်၊ အနုပညာမြောက်သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် စက်မှုနည်းပညာပိုင်းဆိုင်ရာသုံးစွဲမှုများကို ပိုမိုပီပြင်ခေတ်မီလာရေး ပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေးအတွက် အစဉ်အားပေးချီးမြှင့်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးရှေးရှုလျက် နိုင်ငံတော်က ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများကို ၁၉၅၂ ခုနှစ်မှစတင်၍ ချီးမြှင့်လာခဲ့သည်။ ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲကို မတ်လ ၅ ရက်နေ့က နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး အနုပညာရှင်၊ အတတ်ပညာရှင်များအား ထူးချွန်ဆု ၁၁ ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပရုပ်ရှင်ပွဲတော်များ၌ ပါဝင်ပြသနိုင်ရေး၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်ပြသနိုင်ရေးတို့ကိုလည်း အလေးထား အားပေးကူညီလျက်ရှိသည်။ စင်ကာပူ၌ ကျင်းပခဲ့သည့် အာဆီယံရုပ်ရှင်ပွဲတော်၊ ဘင်္ဂလားဒေ့ရှ်၌ ကျင်းပခဲ့သည့် နိုင်ငံတကာရုပ်ရှင်ပွဲတော်၊ အိန္ဒိယ၌ ကျင်းပခဲ့သည့် ရုပ်ရှင်ပွဲတော်၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြန်မာရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ရွှေကြက်ဖ- ပန်းတစ်ရာ ရုပ်ရှင်ပွဲတော်များတွင် အဆင့်မြင့် မြန်မာရုပ်ရှင်ကားများ ပြသနိုင်ခဲ့ရုံမျှမက ရုပ်ရှင်အနုပညာရှင်များ၊အတတ်ပညာရှင်များလည်း သွားရောက်ဆင်နွှဲခဲ့ကြသည်။

ထို့အပြင် ကိုရီးယား နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား-မြန်မာချစ်ကြည်ရေး နှစ် (၃၀) ပြည့်အထိမ်းအမှတ် အာဆီယံရုပ်ရှင်ပွဲတော်တို့တွင်လည်း မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ခဲ့သည်။

မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းအားထုတ်ခြင်းဖြင့် အမျိုးသား ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်၊ ထုတ်လုပ်သူများအားလုံးက အရည်အသွေးမြင့်မားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ပိုမိုထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄)ရပ်ကွက် စိန်ပန်းမြိုင်လမ်းနေ ဒေါ်စိန်မြင့်၏ (၆၅)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်ဖြစ် ခင်ပွန်းဦးမြင့်ဋ္ဌေးနှင့် သားသမီး မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်နေ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်

ရန်ကုန် မတ် ၆

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ကွမ်းခြံကုန်း ခွဲရုံမှ 33 KV/ 11 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိမှု၊ မြို့ပေါ်ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာ ၆၂ ရွာအား ထရန်စဖော်မာ ၁၃ လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှု၊ မီတာခ ကောက်ခံရရှိမှုနှင့် မီးလေးမျိုးပေးဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။**



ဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်၏ မြို့တွင်း၊ မြို့ပြင်ပတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိစေရေးအတွက် ဆောင်ရွက်နေကြောင်း၊ ရန်ကုန် မြို့ပြင် မြို့နယ်များအနေဖြင့် ယခု ရန်ကုန်မီးပေးနေမှုအတိုင်း မီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ စက်စွမ်းအားဖြင့် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိချိန်ညှိနိုင်းဆောင်ရွက် ဖြည့်ဆည်းပေးလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဦးက ကွမ်းခြံကုန်းမြို့ ရပ်ကွက်နှင့် ကျေးရွာတို့အား ရွာမဓာတ်အားပေးစက်ရုံမှ 33 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့်ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားရာတွင် လျှပ်စစ်စွမ်းအားသည် လူတန်းစားအလွှာအသီးသီးအတွက် အရေးကြီးသဖြင့် ပြည်သူများအားလုံး လျှပ်စစ်အသုံးဝင်မှု၊ လျှပ်စစ်ဓာတ်အား အရသာကို သိရှိနေကြပြီဖြစ်သောကြောင့် မိမိတို့ဝန်ထမ်းများ အားလုံးက လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝနှင့် မှန်မှန်ကန်ကန် ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ မင်းပိုင်းရပ်ကွက် ဇဝနဆန်စက်တွင် ဖွဲမီးဖိုသုံး အင်ဂျင်အသုံးပြု၍ ဆန်စပါးကြိတ်ခွဲနေမှုနှင့် အေးချမ်းအောင်ဆန်စက်တွင် ဆန်စပါးကြိတ်ခွဲနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ကွမ်းခြံကုန်းမြို့ ဇဝန ဆန်စက်တွင် ဖွဲမီးဖိုသုံး အင်ဂျင် အသုံးပြု၍ ဆန်စပါး ကြိတ်ခွဲနေမှု အခြေအနေကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)

# ပညာရေးဝန်ထမ်းများအား ပညာရေးဒုတိယဝန်ကြီး တွေ့ဆုံ

ရန်ကုန် မတ် ၆

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းပညာရေးမှူး (စီမံ) ဦးဖုန်းမြင့်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပန်းချီအနုပညာခန်း၊ သိပ္ပံခန်း၊ e-Education Learning Centreနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်သော်ခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကိုတက်ရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မတ် ၄ရက် နံနက်ပိုင်းတွင် ပြည်မြို့ ပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသူများနေထိုင်သည့် အဆောင်များ၊ စားသောက်ဆောင်၊ စားဖိုဆောင်၊ အဆောင်များတည်ရှိမှု အနေအထား၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆရာ၊ ဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံ၍ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သင်တန်းသူများအား အရည်အသွေး မြင့်မားအောင် မွေးထုတ်ပေးရေး၊ စာပေ၊ ဂီတအနုပညာများ တတ်ကျွမ်းအောင် လေ့ကျင့် သင်ကြားပေးရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် တာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်း ၁၄၀ နေ ဦးခင်မောင်-ဒေါ်သန်းညွှန့် မိသားစုက ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ဦးနှင့် တွဲဖက်အတွင်းရေးမှူး ဦးငွေလွင်တို့ လက်ခံယူစဉ်။ (က-ပ)

## သိရီမင်္ဂလာ မဟာစည်ကျောင်းတိုက် သင်္ကြန်တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး(၁) လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဓမ္မကထိက ဗဟုဇနဟိတရေ တွံတေးအရှင်ဣန္ဒက ဆရာတော်က ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ တရားတော်များကိုဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် စိစစ်ရေးကတ်နှင့်အတူ လာရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

# ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်သို့ စာပေဟောပြောပွဲခရီး

ချစ်နိုင်(စိတ်ပညာ)

**နှစ်သစ်နှစ်ဦး**

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲ (အလှူရှင် ဦးကံလှ-ဒေါ်ပိုမိသားစုက မြေနှင့် တစ်ထပ်တိုက် ပေ ၄၀၊ ပေ ၃၀ အဆောက်အအုံ အပါအဝင် တန်ဖိုးကျပ်သိန်း တစ်ရာကျော်လှူဒါန်းပွဲ)နဲ့ ဆိပ်ခံဇောတံတား(အလှူရှင် ဦးကြိုင်မိသားစု) အသစ်ဖွင့်ပွဲ၊ ကျေးရွာလူထု စုပေါင်းခင်းကြတဲ့ အင်္ဂတေလမ်းသစ်တစ်ခု ဖွင့်ပွဲတို့ကို တက်ရောက်ခဲ့ပါတယ်။ ဖျာပုံခရိုင် အတွင်းရေးမှူး ဦးဘုန်းမြင့်၊ ဘိုကလေးမြို့နယ် ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ဖွင့်လှစ်ကြပါတယ်။ စာရေးသူကတော့ စာကြည့်တိုက်ဖွင့်ပွဲအတွက် တက်ရောက်အားပေးတဲ့အနေနဲ့ပါ။

ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်မှာတော့ စာရေးဆရာ ချစ်စံဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့နဲ့အတူ လေကြောင်းခရီးဖြင့် ရန်ကုန်မှ ကျိုင်းတုံသို့ နံနက် ၉ နာရီမိနစ်၄၀ မှာ ထွက်ခွာခဲ့ကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၊ မိုင်းဖြတ်နဲ့ ကျိုင်းတုံခရိုင်များအတွင်းမှာရှိကြတဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထိတွေ့ကွင်းဆင်းလေ့လာခြင်းခရီးပါ။ စာပေဟောပြောပွဲတွေလည်း ပြောကြဖို့ပါ။ စာရေးဆရာတွေ ပြောကြ၊ ဟောကြတယ်ဆိုတာလည်း စာအကြောင်း ပေအကြောင်းတွေပါပဲ။ စာပေနဲ့ မနီးစပ်သူတွေကို စာဖတ်ဖြစ်အောင် ဆွဲဆောင်စည်းရုံးကြတဲ့သဘောပဲ။ စာဖတ်နေကြသူတွေကိုလည်း ဆက်လက်ပြီး စာဖတ်ရှိန်မြင့်လာအောင် အားပေးရာရောက်တာပေါ့။မြင်းမူမောင်နိုင်မိုးက အမျိုးသားစာပေဆု လေးကြိမ်ရဖူးတဲ့ ကဗျာဆရာပါ။ ဆရာချစ်စံဝင်းက နှစ်ကြိမ်၊ မောင်ငြိမ်းသူနဲ့ စာရေးသူတို့က တစ်ကြိမ်စီ ရခဲ့ဖူးကြပါတယ်။ ညှိနှိုင်းမထားဘဲ အမျိုးသားစာပေဆုရ စာရေးဆရာချည်းလေးဦး အတူသွားကြတဲ့ခရီးပါ။

**ရှမ်းအရှေ့ခရီး**

မြင်းမူမောင်နိုင်မိုးက စစ်မှုထမ်းဘဝနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာဝန်ထမ်းခဲ့ဖူးပါတယ်။သူက စစ်မှုထမ်းဟောင်း အချိန်ကာလ နှစ်ပေါင်း ၂၀ကျော်မှ နောက်တစ်ခေါက် ပြန်ရောက်ရတာပေါ့။ ဆရာချစ်စံဝင်းလည်း ရောက်ခဲ့ဖူးတာ နှစ်ပေါင်း ၃၀ နီးပါးကြာပါပြီတဲ့။ မောင်ငြိမ်းသူကတော့ ပထမအကြိမ်ပေါ့လေ။ စာရေးသူကတော့ ကျိုင်းတုံ၊ မိုင်းဖြတ်နဲ့ တာချီလိတ်တို့ကို ငါးခေါက်လောက် ရောက်ဖူးပါရဲ့။

မြန်မာ့လေကြောင်း ဂျက်လေယာဉ်ဟာ ရန်ကုန်-ကျိုင်းတုံခရီးစဉ်ကို တစ်ယောက်လျှင် လေယာဉ်ခ ကျပ် ၄၇၀၀၀ ကျပါတယ်။ အသွားအပြန် ခရီးစရိတ်ကပင် ကျပ်တစ်သိန်းစီလောက်ရှိတာမို့ စာရေးဆရာလေးယောက်အတွက် အိမ်ရှင်စာပေနဲ့ စာနယ်ဇင်းအဖွဲ့များအဖို့ ငွေကုန်ကြေးကျက မနည်းလှပါဘူး။ ဒီတော့ ဖိတ်ခေါ်ရကျိုးနပ်အောင် မိမိတို့စွမ်းသမျှ အကောင်းဆုံး ဟောပြောကြမယ်လို့ ရည်ရွယ်ကြပါတယ်။ လေယာဉ်လက်မှတ်ခက မြန်မာ့လေကြောင်းမို့ သက်သာနေသေးတာ။ အခြားလေကြောင်းကုမ္ပဏီများဆိုရင် တစ်ယောက် ကျပ် ၇၈၀၀၀ ပါတဲ့ဗျာ။ လေယာဉ်ခသက်သက် အသွားအပြန် တစ်သိန်းခွဲကျော်မှ ရောက်နိုင်မယ်။ တန်ဖိုးကြီးတဲ့ခရီးမို့ တန်ဖိုးရှိအောင် လေ့လာမယ်၊ ဟောပြောမယ်၊ ပြန်လည်ရေးသားကြမယ်။ စာရေးဆရာများ ကြံရွယ်ထားကြတဲ့အတိုင်း ဆရာချစ်စံဝင်း၊ မြင်းမူမောင်နိုင်မိုးနဲ့ မောင်ငြိမ်းသူတို့ဟာ ဂျာနယ်၊ မဂ္ဂဇင်းများမှာ အလျဉ်းသင့်သလို ရေးသားခဲ့ကြပါတယ်။ တာဝန်ကျေကြပါပေတယ်။

**ကျိုင်းတုံလေဆိပ်**

ဒီတနင်္ဂနွေနေ့မှာ ရန်ကုန်-ကျိုင်းတုံ မြန်မာ့လေကြောင်း ခရီးစဉ် လေယာဉ်လက်မှတ် ရခဲ့ကြတာကိုပဲ ဝမ်းသာကြရတယ်။ ဈေးသက်သာပြီး ဂျက်လေယာဉ်ပီပီ မြန်လည်းမြန်၊ ညက်လည်း ညက်ညောတယ်လေ။ မွန်းလွဲ ၁၂ နာရီကျော်ကျော်မှာပဲ ကျိုင်းတုံ လေဆိပ်သို့ ဆိုက်ရောက်သွားကြပြီ။ လေဆိပ်ကြီးဟာ အသစ်တိုးချဲ့ထားလို့ ကွင်းအကျယ်ကြီး။

ကျိုင်းတုံမှာရှိကြတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြအောင်၊ ခရိုင်နှင့်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ စာပေနဲ့စာနယ်ဇင်းအဖွဲ့ဝင်များ တစ်စုတဝေးကြီး လေဆိပ်မှ ဝမ်းသာအားရ ကြိုဆိုကြတယ်။ သံလွင်မြစ်ရဲ့ အရှေ့ဘက်ခြမ်းဆီသို့ စာရေးဆရာအဖွဲ့ ရောက်ခဲ့တယ်။ လွန်ခဲ့သော ၄၊ ၅နှစ်ဆီက မိုင်းဆတ်၊ တာချီလိတ်မြို့များသို့ ဆရာအီကြာကွေး၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ ရောက်ခဲ့ပါတယ်။ ဆရာကျော်အောင်၊ ဆရာမောင်ဆုရှင်၊ ဆရာမကြူကြူသင်းနှင့် ဆရာမ ဒီဇင်ဘာမွန်းတို့လည်း ရောက်ခဲ့ပါတယ်။ ဤမျှသာရှိ၏။ လက်ချိုးရေတွက်လို့ ရလောက်အောင် နည်းပါးခဲ့ပါရဲ့။ စာရေးသူတို့ ဇန်နဝါရီလတွင် လာရောက်ခြင်းသည်ကား ရှမ်းအရှေ့ဒေသအတွက် ခက်ခက်ခဲခဲ ရှားရှားပါးပါးခရီးအဖြစ် လှိုက်လှဲဖော်ရွေစွာ ကြိုဆိုကြပါတယ်။

**တာချီလိတ်သို့**

**နေ့လယ်စာ စားပြီး ကားတစ်စီးနဲ့ ကျိုင်းတုံမှမိုင်းဖြတ်၊ တာချီလိတ် လမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာကြတယ်။ ကျိုင်းတုံနဲ့ မိုင်းဖြတ်က ၅၁မိုင်၊ မိုင်းဖြတ်မှ တာချီလိတ်က ၅၁မိုင်၊ ကျိုင်းတုံမှ တာချီလိတ်အထိ ခရီးအကွာအဝေး ၁၀၂ မိုင်လောက်ရှိတာပေါ့။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကာလမှာ တစ်ရက်ခရီးနဲ့ရောက်ဖို့ မလွယ်တဲ့လမ်းကြမ်းကြီးပါ။ ယခု လေးလမ်းသွား နိုင်လွန်ကတ္တရာဟိုက်ဝေးလမ်းဟာ ဖြောင့်လည်းဖြောင့်၊ ကျယ်လည်းကျယ်၊ ကိုယ်ပိုင်ကားနဲ့ မနားတမ်းမောင်းမယ်ဆိုရင် အချိန် သုံးနာရီမကြာဘဲ ရောက်သွားနိုင်တယ်လေ။ တပ်မတော်အစိုးရဟာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အလေးထား ဆောင်ရွက်ခဲ့လေတော့ သွားလာရေးမှာ အလွန်တိုးတက်ကောင်းမွန်လာပါတယ်။**

**ခရီးဝေးလမ်း**

ကျိုင်းတုံမြို့နယ်ထဲက ယန်းခရွာမှာ ခဏဝင်ကြည့်ကြတယ်။ ကျေးရွာမှာ ရှမ်း၊ ကချင်၊ အခါ၊ လီရှော၊ ဗမာတိုင်းရင်းသားမျိုးစုံ ချစ်ကြည်စည်းလုံးစွာ နေထိုင်ကြပါတယ်။ အိမ်ခြေ ၉၅ အိမ်၊ စိုက်ပျိုးရေးအဓိကထားတဲ့ လယ်သမားရွာ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို ဝါး၊ သက်ကယ်များနဲ့ မကြာမီက ရွာသူ၊ ရွာသားတွေစုပေါင်းပြီး ပေ၂၀ X ပေ၃၀အဆောက်အအုံကို တစ်ရက်တည်းနဲ့ ပြီးစီးအောင် ဆောက်လုပ်ခဲ့ကြတယ်။ စာရေးသူတို့ရောက်ရှိသွားကြတဲ့အချိန်မှာ ဝါးရနံ့သင်းသင်းမွှေးလေးဟာ စိမ်းစိုဆဲဝါးများမှ အနံ့ရပါတယ်။ စုရုံးရောက်ရှိလာကြတဲ့ ရွာသူ၊ ရွာသားတွေကို ရန်ကုန်မှလာကြတဲ့ စာရေးဆရာ လေးဦးက တစ်ယောက်ဆယ်မိနစ်စီလောက် ဟောပြောခဲ့ကြပါတယ်။

**ခွင့်ကြုံဟောပြောပွဲ**

ဆရာချစ်စံဝင်းက ငရဲဘုံနဲ့ကောင်းကင်ဘုံကွာခြား၊ ကွဲပြားပုံ(ပုံပြင်)လေးတစ်ပုဒ် ဟောပြောပါတယ်။ လူတစ်ယောက်ကို ယမမင်းကရောက်ဖူး၊ မြင်ဖူးအောင် ခေါ်သွားပါတယ်။ တစ်နေရာမှာ လူတွေဟာ ပိန်ချုံးညှိုးနွမ်း၊ စိတ်ညစ်၊ စိတ်တို၊ အလိုမကျ၊ ဒေါပွနေကြတယ်။

စားပွဲပေါ်မှာ စားကောင်းသောက်ဖွယ်မျိုးစုံရှိနေပေမယ့် သူတို့ရဲ့လက်နှစ်ဖက်မှာ လေးပေစီရှည်လျားတဲ့ ခက်ရင်းနဲ့ဓားက အထပ်ထပ်ကြိုးစည်းထားလို့ မိမိတို့ ပါးစပ်ထဲသို့ခွံ့၍မရ၊ စားလို့မရ၊ ဒုက္ခဖြစ်ပြီး ငတ်မွတ်ဆာလောင်နေကြသတဲ့ကွယ်။ အဲဒါငရဲ။

**ငရဲနဲ့ကောင်းကင်ဘုံ**

နောက်တစ်နေရာ ရောက်တော့လည်း စားပွဲပေါ်မှာ စားစရာသောက်စရာတွေ အပြည့်အစုံနဲ့ ယခင်နေရာလိုပါပဲ။ သို့သော် လူတွေကတော့ ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်နဲ့။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မိမိကိုယ်တိုင် ခွံ့စားလို့မရတဲ့ လေးပေရှည်လျား ခက်ရင်းနဲ့ ထမင်းစား ဓားတို့ကိုပင် အသုံးပြုပြီး သူတစ်ပါးကို ခွံ့ကျွေးပေးနေကြတာကြောင့်ပါ။ ဘယ်သူမှမစားရဘူးလို့မရှိ၊ အပြန်အလှန်ကျွေးမွေးပြီး အားလုံးဟာ ပျော်ရွှင်နေကြတယ်။ သီဆိုကခုန်လို့တောင်နေကြပါသတဲ့၊ အဲဒါဟာ ကောင်းကင်ဘုံတဲ့လေ၊ ငရဲနဲ့ ကောင်းကင်ဘုံရဲ့ အဓိက ကွာခြားချက်က အခြေအနေမဟုတ်ဘူး၊ အခြေအနေက အားလုံးအတူတူပဲ၊ လုံးဝမကွဲပြားပါဘူး။ ခြားနားချက်က တစ်ခုတည်းပါ။ လူတွေရဲ့ စိတ်သဘောထားအမြင်မှာမေတ္တာ ပါ၊ မပါ။

ငါမှ ငါ။ ငါ့အတွက်သာ စဉ်းစားလုပ်ဆောင်မှုနဲ့ မိမိနဲ့ သူတစ်ပါး၊ လူအများဟာ တစ်သားတည်းပါလားလို့ မျှတစွာ ခံယူတတ်တဲ့အမြင်။ အဲဒါက ဘဝကို ကွဲပြားစေတယ်။ ဆရာချစ်စံဝင်းက ပရိသတ်လူငယ်တွေ၊ ကလေးတွေပါ စိတ်ဝင်စားအောင် ပြောပြတတ်တယ်။ အားလုံးပဲ ပုံပြင်နားထောင်ရတာ သဘောကျကြတယ်။

**ကဗျာရွတ်ဆို**

ဆရာမြင်းမူမောင်နိုင်မိုးက **"ပျားနှင့်ယင်"**ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြီး အဓိပ္ပာယ် တိုတိုရှင်းပြပါတယ်။

**ပျားနှင့်ယင်**

* ပျားကောင်တွေ သဘာဝ
မြင့်လှတဲ့ သစ်ကိုင်းတွင်။
သန့်ရှင်းချိုကြည်တဲ့
ပန်းဝတ်ရည် သယ်ဆောင်သုံးပါလို့
စည်းလုံးချစ်ခင်။
ပျားအုံကြီးတစ်ခုတွင်
ပျားကောင်လျှင် အသိန်းအသန်း။
ပျားတစ်ကောင်မထိလေနှင့်
အားဆောင်သည့် သဏ္ဍာန်ပုံဖြင့်
ရန် ကုန်အောင် မာန်ဟုန်သစ်လို့
တိုက်စစ်ဆင် တပ်လှန့်နိုးတယ်
မျိုးချစ်စိတ်လွှမ်း။

* ယင်ကောင်တွေ သဘာဝ
နိမ့်ကျသည့် မြေပေါ်တွင်။
အပုပ် အစပ်တွေနဲ့
အဟုတ်မှတ်ကာ အညီအဟောက်ကိုမှ
စားသောက် ခုံမင်။
တစ်ကောင်နှင့်တစ်ကောင်လျှင်
ချစ်ခင်တဲ့ စိတ်မရှိ။
သူ့အစာ ကိုယ်ဝင်လု
ကိုယ့်အစာ သူဝင်လု
လုယက်ကာ အစာမဲရင်း
သေပွဲဝင်၏။

* အမိမြေ နေခြည်အောက်မှာတဲ့
အမိမြေ ရေကြည်သောက်ပါလို့
ထွန်းပေါက်ကာ လူ့ဘဝ
ရခဲ့တဲ့ အိုအသင်။
ပျားကောင်လိုဖြစ်ချင်သလား။
ယင်ကောင်လို ဖြစ်ချင်သလား။
စဉ်းစားဆင်ခြင်။
မြင့်မြတ်တဲ့ စိတ်ဓာတ်လျှင်
ပျားကောင်တွင် အပြည့်။
နိမ့်ကျတဲ့ စိတ်ဓာတ်လျှင်
ယင်ကောင်တွင် အရှိ။
ပျားဖြစ်ချင် ပျားလိုကျင့်
ယင်ဖြစ်ချင် ယင်လိုကျင့်
မြင့်မြတ်တဲ့ နှလုံးသားအသွင်နဲ့
အရှုံးသမား မဖြစ်ရေးကိုဖြင့်
မျိုးချစ်မာန် ဓာတ်သွေးနှင့်
ရွေးသင့်တကား။

**ဘဝလှချင်လျှင်**

**ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)က အပြင်အဆင် ရုပ်လှချင်ရင် မှန်ကိုကြည့်၊ ဘဝလှချင်ရင် စာကိုကြည့်၊ စာဖတ်မှ ဘဝအမြင် ရှင်သန်မယ်။ ပညာခေတ်မှာ ပညာဗဟုသုတရှိကြမှ လူ့ဘဝဟာ တန်ဖိုးရှိမယ်။ ဘဝလှချင် စာကြည့်ပါဆိုတာ ထိထိမိမိ ဟောပြောခဲ့ပါတယ်။** စာရေးသူကတော့ ဒီကယူသွားတဲ့မဂ္ဂဇင်း၊ ဂျာနယ်လက်ဆောင်များကို ကျေးရွာစာကြည့်တိုက်အတွက်ပေးလှူခဲ့ပါတယ်။ အချိန်ကိုင့်ဲသောအားဖြင့် မပြောခဲ့။ စာအုပ်အရေအတွက်လည်း များများစားစား မရှိရှာပါ။ ယန်းခရွာရှိ ကျေးရွာလူထုဟာ အိုးစည်များ တထုံထုံတီးကာ ဝမ်းသာကြည်နူးစွာ နှုတ်ဆက်လက်ပြ ကျန်ရစ်ခဲ့ကြပါတယ်။

ကျေးလက်နေ တောသူတောင်သားတွေဟာ ပင်ကိုရိုးသားကြပါတယ်။ အဲဒါ အားသာတယ်။ ကောင်းတယ်။ အနေရိုးတာနဲ့အမျှ ရောင့်ရဲတင်းတိမ်တတ်ကြတယ်။ ကြိုးစားအားထုတ်မှု နည်းရင်တော့ မကောင်းဘူး။ တိုးတက်ချင်စိတ် ရှိကြရပါမယ်။ ဘဝကို မြှင့်တင်ကြမယ်။ စာအုပ်စာပေတွေကို အထောက်အကူယူမယ်လို့ သိမြင်အောင် စာရေးသူတို့ များစွာ လှုံ့ဆော်ကြရပါဦးမယ်။

**ခရီးဆက်ကြ**

ယန်းခကျေးရွာမှတစ်ဆင့် မိုးဖြတ်မြို့၊ တာလေမြို့များကို ဖြတ်ကာ တာချီလိတ်မြို့ဆီသို့ ဇန်နဝါရီလ ၁၄ ရက်၊ ထိုနေ့အရောက် ဆက်လက်ခရီးထွက်ခဲ့ကြပါတယ်။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နဲ့ နမ့်မယ်ဆိုင်ချောင်းသာ ခြားတဲ့ တာချီလိတ်မြို့သို့ ညနေ ၄ နာရီမထိုးမီ ရောက်ရှိသွားကြပါတယ်။

**အဆောက်အအုံ၊ အဝတ်အစား၊ အစားအသောက်၊ အပြောအဆို၊ အပြုအမူ၊ ကားများ၊ ဆိုင်ကယ်များ၊ လမ်းများ၊ မြန်မာပြည်ရဲ့ အရှေ့ဖျားရှိ နယ်စပ်မြို့ရဲ့ ဉပဓိရုပ်များဟာ မြန်မာ့ရေ၊ မြန်မာ့မြေ ပီသနိုင်မာနေဆဲပါ။ တာချီလိတ်မြို့အထက်က ရွှေတိဂုံပုံတူစေတီတော်ကို ရွှေသက်န်းဝင်းဝင်းဖြာဖြာနှင့် ဖူးမြော်ကြည်ညိုရတာကပင် ရင်တွင်း၌ အေးမြကြည်နူးလှပါတယ်။ ။**

# လူ့အခွင့်အရေးဥပဒေ ဗြိတိသျှအစိုးရ ချိုးဖောက်ဟု ပါလီမန်ကော်မတီစွပ်စွဲ

**လန်ဒန် မတ် ၅**

ဗြိတိသျှအစိုးရအဖွဲ့သည် ဥရောပလူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို ချိုးဖောက်လျက်ရှိသည်ဟု ဗြိတိန်နိုင်ငံရှိ ပါလီမန်ကော်မတီတစ်ရပ်က တနင်္လာနေ့တွင် စွပ်စွဲလိုက်သည်။

အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို ကာလအကန့်အသတ်မရှိ ထိန်းသိမ်းထားခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သော်လည်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ပါလီမန်၏ ခွင့်ပြုချက်များရယူကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဗြိတိသျှအစိုးရသည် ပါလီမန်၏ ခွင့်ပြုချက်အရ အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို နည်းလမ်းမျိုးစုံဖြင့် ထိန်းချုပ်ကန့်သတ်ခဲ့သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် ဗြိတိန်အာဏာပိုင်များ ရရှိထားသော လုပ်ပိုင်ခွင့်များကို နောက်ထပ်တစ်နှစ် ဆက်လက်ခွင့်ပြုပေးရန်သင့်၊ မသင့် အဆုံးအဖြတ်ပေးနိုင်ရန် ပါလီမန်က အချေအတင် ဆွေးနွေးလျက်ရှိစဉ် ပါလီမန်ရှိ လူ့အခွင့်အရေးကော်မတီက အထက်ပါအတိုင်း စွပ်စွဲခြင်းဖြစ်သည်။

အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို ထိန်းချုပ်ထားနိုင်သည့် လုပ်ပိုင်ခွင့်များသည် ဥရောပလူ့အခွင့်အရေး ကွန်ဗင်းရှင်းနှင့် ကိုက်ညီမှုမရှိကြောင်း အဆိုပါကော်မတီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# အမ်ဘွန်ကျွန်းတွင် လက်လုပ်ဗုံး ပေါက်ကွဲ ၁၄ ဦးဒဏ်ရာရ

**ဂျကာတာ မတ် ၅**

အင်ဒိုနီးရှားနိုင်ငံ အမ်ဘွန်ကျွန်းရှိဆိပ်ကမ်းတွင် စနေနေ့က လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၄ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်ဘွန်ဆိပ်ကမ်းသို့ ခရီးသည်တင်ရေယာဉ်တစ်စင်း ဆိုက်ရောက်လာခဲ့ပြီးနောက် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အမ်ဘွန်ကျွန်းသည် မူလူးကပ်စ်ကျွန်းစုတွင် ပါဝင်သည်။ ဂျကာတာမြို့၏ အရှေ့ဘက် မိုင် ၁၄၄၀ အကွာတွင် ယင်းကျွန်းစုတည်ရှိသည်။

ခရီးသည်သုံးဦး၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး မော်တော်ဆိုင်ကယ်စီးသူများ ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လက်လုပ်ဗုံး အတွင်း သံချောင်းများပါဝင်နေသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တော်မီက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



**အမေရိကန်နိုင်ငံ အတ္တလန္တာမြို့အဝေးပြေးလမ်း၌ အားကစားသမားများ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို မတ် ၂ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ခိုးကူးသည့် စီဒီအချပ်သန်း ၂၀၀ ပါကစ္စတန်တွင် သိမ်းဆည်း

**အစ္စလမ္မာဘတ် မတ် ၅**

ပါကစ္စတန်နိုင်ငံတွင်နိုင်ငံပေါင်း ၄၆ နိုင်ငံမှခိုးကူးထားသည့် စီဒီအချပ်ပေါင်း သန်း ၂၀၀ကို လွန်ခဲ့သည့် ၁၀ လ အတွင်း သိမ်းဆည်းရမိခဲ့ကြောင်း မူပိုင်ခွင့် ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင် မူပိုင်ခွင့်ကာကွယ်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ပြီးစီးကြောင်း ပါကစ္စတန်မူပိုင်ခွင့်အဖွဲ့ (အိုင်ပီအို)၏ ညွှန်ကြားရေးမှူးချုပ် ယာဆင်တာဟာက ပြောကြားသည်။

အာဏာပိုင်များက တရားမဝင် စီးပွားရေးလုပ်သည့် စီဒီထုတ်စက်ရုံခြောက်ရုံကို ဖျက်ဆီးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဆလိုဗေးနီးယားနိုင်ငံသား ရေကူးစံချိန် တင်မည်

**ဆော်ပေါလို မတ် ၆**

တောင်အာဖရိကဒေသရှိ အမေဇုန်မြစ်ကို အလျားလိုက်ကူးကာ ရေကူးစံချိန်တင်ရန် ကြိုးပမ်းနေသူ ဆလိုဗေးနီးယားနိုင်ငံသား မာတင်စထရယ်သည် မိုင် ၃၃၀၀နီးပါးရှည်သော မြစ်ကြီး၏ ထက်ဝက်ကျော်ခရီးကို ယခုအခါ ဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အသက်(၅၂နှစ်) ရှိပြီဖြစ်သော စထရယ်သည် ဥရောပရှိ ဒင်ညုမြစ်၊ တရုတ်နိုင်ငံ ယန်စီမြစ်နှင့် မြောက်အမေရိကရှိ မစ္စစ္စပီမြစ်များကိုဖြတ်၍ ရေကူးခဲ့ပြီးဖြစ်သည်။

၎င်းသည် ဖေဖော်ဝါရီ ၁ရက်မှစ၍ ရေကူးခဲ့ခြင်းဖြစ်ပြီး ဧပြီ ၁၀ရက်တွင် ခရီးဆုံးသို့ရောက်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ရေကူးလာစဉ် မြစ်ကြောင်းတစ်လျှောက်တွင် မိကျောင်းများ၊ သွေးစုပ်သောငါးများအန္တရာယ်ကိုသာ ရင်ဆိုင်ရသည်မဟုတ် နေပူရှိန်၏ဒဏ်ကိုပါ ကြံ့ကြံ့ခံနေရကြောင်း သိရသည်။ ၎င်းသည် တစ်ရက်လျှင် ၁၂နာရီရေကူးပြီး စားချိန်နှင့် အိပ်ချိန်၌သာ ရပ်နားသည်။

***အင်တာနက်။***



**ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ကို အလျားလိုက်ကူးပြီး ရေကူးစံချိန်တင်ရန် ကြိုးပမ်းနေသူ ဆလိုဗေးနီးယားနိုင်ငံမှ မာတင်စထရယ်ကို မတ် ၃ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၅**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် စနေနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

**သေဆုံး**

အမေရိကန် စစ်ကားတစ်စီး ဖြတ်သန်းသွားစဉ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးမှာ ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က ကျူးကျော်တိုက်ခိုက်ခဲ့ချိန် နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုမှာ ၃၁၆၇ ဦးအထိရှိပြီဖြစ်သည်။

**ဗုံးပေါက်ကွဲ**

အီရတ်နိုင်ငံ အနောက်ပိုင်း ရာမာဒီမြို့တွင်လည်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ရာမာဒီမြို့ရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်တွင် ကားဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင် သုံးဦးအပါအဝင် ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# သစ်တောထိန်းသိမ်းရေးစီမံကိန်း မက္ကဆီကိုတွင် ထုတ်ပြန်ကြေညာ

**မက္ကဆီကိုစီးတီး မတ် ၅**

မက္ကဆီကိုနိုင်ငံတွင် ရှားပါးလှသည့် လိပ်ပြာကြီးများကိုလည်းကောင်း၊ ကန္တာရအိုအေစစ်ဒေသကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်လည်းကောင်း အစိုးရအဖွဲ့က သစ်တောထိန်းသိမ်းရေး စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း မတ် ၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံတွင် တွေ့ရသော လိပ်ပြာကြီးများမှာ ရွှေ့ပြောင်းကျက်စားနေထိုင်သော လိပ်ပြာမျိုးတစ်မျိုးဖြစ်သည်။ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့မှ ပျံသန်းလာသည့် လိပ်ပြာကြီးများသည် မိုင်ထောင်ပေါင်းများစွာ ခရီးကို ကျော်ဖြတ်ခဲ့ကြပြီးနောက် မက္ကဆီကိုနိုင်ငံရှိ သစ်တောဒေသများ၌ ကျက်စားလေ့ရှိသည်။

သစ်တောများပျက်စီးခြင်းကြောင့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်လေ့ရှိသည့် လိပ်ပြာကြီးများ မျိုးတုံးပျောက်ကွယ်နိုင်ခြင်းကြောင့် တရားမဝင် သစ်ခုတ်လှဲထုတ်လုပ်သူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သမ္မတကယ်ဒရွန်းက သစ်တောထိန်းသိမ်းရေး ငါးနှစ်စီမံကိန်းကို ထုတ်ပြန်ကြေညာရာတွင် ပြောကြားသည်။ လိပ်ပြာကြီးများ ကျက်စားနေထိုင်ရာ သစ်တောနယ်မြေတွင် သစ်ပင် ၁၀ သန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မက္ကဆီကိုနိုင်ငံတစ်ဝန်းတွင် ၂၀၀၇ခုနှစ်အတွင်း သစ်ပင် သန်းပေါင်း ၂၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သမ္မတကယ်ဒရွန်းက ပြောကြားသည်။ ***အင်တာနက်။***



**ကနေဒါနိုင်ငံရှိ ပမ်းအင်ကော်ပိုရိတ်တက်က ထုတ်လုပ်သည့် လက်ကိုင်ဖုန်း အမျိုးအစားသစ်များကို မတ် ၅ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်နိုင်ငံ ဟီလာမြို့တွင် ဗုံးပေါက်ကွဲ ၉၀ သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ

**ဘဂ္ဂဒက် မတ် ၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက်ရှိ ဟီလာမြို့၌ ကျင်းပလျက်ရှိသည့်အစဉ်အလာ အခမ်းအနားတစ်ခုအတွင်း လူများစည်ကားစွာ စုဝေးနေစဉ် ဗုံးဖောက်ခွဲသူနှစ်ဦးက မတ် ၆ ရက်၌ ဖောက်ခွဲတိုက်ခိုက်သည့်အတွက် လူ ၉၀ သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း ကနဦးထွက်ပေါ်လာသော သတင်းများအရ သိရသည်။

ဗုံးဖောက်ခွဲသူနှစ်ဦးသည် လူအုပ်ကြီးအကြားဝင်ရောက်ပြီးနောက် ၎င်းတို့နှင့်အတူ သယ်ဆောင်လာသော ဗုံးများ၏ စနက်တံကိုဖြုတ်၍ ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။ ယင်းသို့ တိုက်ခိုက်ခြင်းသည် လူအများနှင့် မီဒီယာများက ၎င်းတို့၏ လှုပ်ရှားမှုကို အာရုံစိုက်လာစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်နိုင်သည်ဟု အချို့က သုံးသပ်သည်။

***အင်တာနက်။***

# တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် ညီလာခံဖွင့်လှစ်

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံ၏ ဒသမအကြိမ် အမျိုးသားပြည်သူ့ကွန်ဂရက်(အင်န်ပီစီ) ညီလာခံကို မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီးတွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်သည်။ တရုတ်နိုင်ငံ၏ ပါလီမန်ဖြစ်သည့် အင်န်ပီစီညီလာခံတွင် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က မိန့်ခွန်းပြောကြားသည်။ အင်န်ပီစီညီလာခံသို့ ကိုယ်စားလှယ် ၃၀၀၀ ခန့် တက်ရောက်သည်။

**<u>တိုက်တွန်း</u>**

တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် စွမ်းအင်ချွေတာမှု တိုးတက်ပြုလုပ်မည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ဝမ်ကျားပေါင်က ပြောကြားသည်။

ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် တနင်္ဂနွေနေ့က ကျင်းပသည့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီ အဖွဲ့ဝင်များ၏ အစုအဖွဲ့ အစည်းအဝေးသို့လည်း တက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံတွင် မြေပြိုမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ရှင်းလင်း ဖယ်ရှားနေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်အနောက်ပိုင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား နှစ်ဦးသေဆုံး

**ကဘူး မတ် ၅**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း၌ စနေနေ့က နေတိုးတပ်ဖွဲ့ယာဉ်တန်း ဖြတ်သန်းသွားစဉ် စက်ဘီးဗုံး ဖောက်ခွဲမှုဖြစ်ပွားသဖြင့် အာဖဂန်အရပ်သား နှစ်ဦးထက်မနည်းသေဆုံးပြီး ၁၆ ဦး ဒဏ်ရာ ရရှိကြောင်း ဒေသဆိုင်ရာ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဗုံးဖောက်ခွဲမှုကြောင့် အီရန်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ဟီရက်မြို့၌ လူနှစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# တောင်အာဖရိကတွင် ယာဉ်တိုက်မှုဖြစ်

**ဂျိုဟန်နက်စဘတ် မတ် ၅**

တောင်အာဖရိကနိုင်ငံ အမ်ပူမာလန်ဂါပြည်နယ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားရာ လူခုနစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာများက မတ် ၂ ရက်တွင် ဖော်ပြသည်။

မီနီဘတ်စ်အငှားယာဉ်ငယ်သည် အဝေးပြေးလမ်းမ အမှတ်(၄) ပေါ်တွင် မတ် ၁ ရက်က ထရပ်ကားတစ်စီးကို တိုက်မိခြင်းဖြစ်ကြောင်း တောင်အာဖရိက သတင်းဌာန(အက်စ်အေပီအေ)ကထုတ်ပြန်သည်။ ဒေသစံတော်ချိန် နံနက် ၅နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါ မီနီဘတ်စ်က အခြားယာဉ်တစ်စီးကို ကျော်တက်ရန် ကြိုးစားစဉ် ထရပ်ကားနှင့်တိုက်မိခြင်းဖြစ်သည်။ မီနီဘတ်စ်ယာဉ်မောင်းနှင့် ခရီးသည်ခြောက်ဦးတို့ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ပြီး အခြားခရီးသည် ရှစ်ဦးမှာလည်း ဆိုးရွားစွာ ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အင်ဒိုနီးရှားတွင် အင်အားပြင်းထန်သော မြေငလျင်လှုပ်၍ ၇၂ဦး သေဆုံး

**ဂျကာတာ မတ် ၆**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတွင် ပြင်းထန်သော မြေငလျင်တစ်ခု ယနေ့ လှုပ်သွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ပန်ဒန်မြို့အနီး၌ ဗဟိုပြုကာ မြေငလျင်လှုပ်ရှားသွားခြင်းဖြစ်ပြီး ငလျင်၏ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ထိုအဖြစ်အပျက်ကြောင့် ၈၂ ဦး သေဆုံးသွားကြောင်း၊ အဆောက်အအုံအများအပြား ပြိုကျခဲ့သည့်အတွက် သေဆုံးသူအရေအတွက် ထပ်မံတိုးတက်လာနိုင်ကြောင်း သိရသည်။ အဆိုပါငလျင်သည် ဒေသစံတော်ချိန် ၁၀း၄၉နာရီတွင် လှုပ်သွားခြင်းဖြစ်ပြီး အနောက်ဆူမားတြားဒေသရှိ ပြည်သူများ ထိတ်လန့်တုန်လှုပ်သွားခဲ့ကြသည်။ ဆိုလော့မြို့နှင့် ပါတူဆန်ကာမြို့များတွင် ကျောင်းအဆောက်အအုံပြိုကျသည့်အတွက် ကျောင်းဆရာတစ်ဦးလည်း သေဆုံးကြောင်း သိရသည်။ ပြိုကျသောအဆောက်အအုံအရေအတွက်မှာ ရာနှင့်ချီ၍ရှိကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

ထိုငလျင်ဒဏ်ကို မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း အနည်းငယ် ခံစားခဲ့ရသည်။ စင်ကာပူနိုင်ငံ စီးပွားရေးရပ်ကွက်ရှိ တိုက်မြင့်ကြီးများမှာ ငလျင်ကြောင့် အနည်းငယ် ယိမ်းခါသွားကြောင်း သိရသည်။

***အင်တာနက်။***



ဗြိတိန်နိုင်ငံ ယောက်ရှိုင်းယားဒေသတွင် အိန္ဒိယတိုင်းရင်းသူများ ကပြဖျော်ဖြေနေကြသည်ကို မတ် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကုလသမဂ္ဂညီလာခံတက်ရောက်ရန် အီရန်ကိုယ်စားလှယ်အဖွဲ့ ဗီဇာမရ

**တီဟီရန် မတ် ၅**

အမေရိကန်ပြည်ထောင်စု နယူးယောက်တွင်ကျင်းပမည့် (၅၁)ကြိမ်မြောက် အမျိုးသမီးရေးရာ ကုလသမဂ္ဂကော်မရှင်ညီလာခံသို့ တက်ရောက်ရန်အတွက် အီရန်အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ကို အမေရိကန်အစိုးရက ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေးသည့်အတွက် အီရန်အစိုးရက တနင်္ဂနွေနေ့တွင် ရှုတ်ချပြောကြားလိုက်သည်။

အမေရိကန်အစိုးရသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် ဖြည့်ဆည်းပေးရမည့် တာဝန်ဝတ္တရားများကို ကျေပွန်ခြင်းမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီ ဟော့ဆီနီက ပြောကြားသည်ဟု အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများ တက်ရောက်ရန်အတွက် အမေရိကန်အစိုးရအနေဖြင့် လွယ်ကူချောမွေ့စေရန် လုပ်ပေးရမည့်တာဝန်ရှိကြောင်း၊ အမေရိကန်အနေဖြင့် ကုလသမဂ္ဂအစည်းအဝေးပေါ်မှနိုင်ငံရေးအရ အမြတ်ထုတ်ပြီး လွတ်လပ်သည့်နိုင်ငံများအပေါ် ဖိအားပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းရှိ မိသားစုအသိုက်အဝန်းက ယင်းပြဿနာကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်ဟု ဟော့ဆီနီက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




# ဘာလင်ခရီးသွားလုပ်ငန်းပွဲတော်တွင် အိန္ဒိယ ပါဝင်ပြသမည်

**ပတ္တနား(အိန္ဒိယ) မတ် ၅**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မတ် ၇ ရက်မှစ၍ ငါးရက်ကြာ ကျင်းပမည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပွဲတော်တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်က ဘုရားဖူး ခရီးစဉ်များနှင့် ပတ်သက်၍ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ဘီဟာခရီးသွားလုပ်ငန်းဌာနက မတ် ၄ ရက်တွင် ပြောကြားသည်။

ဘီဟာ ခရီးသွားလုပ်ငန်းဝန်ကြီး နန်ကီရှောယာဒမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၅ ရက်တွင် ဂျာမနီသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဘီဟာခရီးသွားလုပ်ငန်းဌာနက ပြောကြားသည်။ ဗုဒ္ဓဘာသာကိုးကွယ်သည့် ကမ္ဘာလှည့်ခရီးသည်များ အိန္ဒိယနိုင်ငံသို့လာရောက်လျက်ရှိကြောင်း၊ ဥရောပ နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဘီဟာပြည်နယ် ခရီးသွားလုပ်ငန်းဌာန အတွင်းဝန် အန်ဂျာနီကူမာဆင်းက ပြောကြားသည်။

နိုင်ငံတကာ အဆင့်အတန်းမီ ဈေးကွက်ရရှိရန်အတွက် ကမ္ဘာ့ ခရီးသွားပွဲတော် ကျင်းပရာ၌ အခွင့် အလမ်းများ ရရှိနိုင်ကြောင်းဆင်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘိန်းဖြူ ၆၈ ပေါင် မက္ကဆီကိုရဲတပ်ဖွဲ့ ဖမ်းဆီး

**မက္ကဆီကိုစီးတီး မတ် ၅**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့ဝင်များက ဘတ်စ်ကားတစ်စီး၏ သန့်စင်ခန်းအတွင်း ဝှက်၍သယ်ဆောင်လာသော ဘိန်းဖြူ အမေရိကန်ဒေါ်လာ တစ်သန်းဖိုးကို ဖော်ထုတ်ဖမ်းဆီးမိသည်။

ထိုဘတ်စ်ကားသည် မက္ကဆီကိုနိုင်ငံတွင်းမှ အမေရိကန်နယ်စပ် တီဂျူအာနာမြို့ဆီသို့ ဦးတည်သွားနေသော ဘတ်စ်ကားဖြစ်သည်။ အဝေးပြေးလမ်းမပေါ်တွင် ပုံမှန်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာမှ ဘိန်းဖြူ ၆၈ ပေါင်ကို ဖမ်းမိလိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



ဖိလစ်ပိုင်နိုင်ငံ ဆင်ပိုနာဒေသရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ကြသည့် တံငါရွာနှင့် ပင်လယ်ကမ်းခြေကို မတ် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံများ ဝန်ကြီးဗိုလ်ချုပ်စောလွင် စစ်ဆေး

နေပြည်တော် မတ် ၆

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးသိန်းအောင်က စက်ပစ္စည်းအလုပ်ရုံ၌ လယ်ထွန်စက် အစိတ်အပိုင်းများ စက်ခုတ်စား ထုတ်လုပ်နေမှုများနှင့် ထုတ်လုပ်ပြီး လယ်ထွန်စက်များ အသင့်ရောင်းချရန် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။**

**ဆွေးနွေးမှာကြား**

ဝန်ကြီးက စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် လယ်ထွန်စက်များနှင့်နောက်တွဲယာဉ်များကို လျှာထားချက် ပြည့်မီစေရန် ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရေး၊ သတ်မှတ်စံချိန် စံညွှန်းများကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းရေး၊ အလေအလွင့် နည်းပါးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မတ် ၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်လွင်က စက်ပစ္စည်းအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စား ထုတ်လုပ်နေမှုများနှင့် အင်ဂျင်အစိတ်အပိုင်းများ တပ်ဆင်နေမှုများအား လိုက်လံရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရေး၊ စက်စွမ်းအားပြည့်လည်ပတ် ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းအမယ်သစ်များ တီထွင်ကြံဆထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒအား ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ပူဇော်ပွဲကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့နယ်ရှိ ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ဓမ္မသုခဗိမာန်အပေါ်ထပ်၌ကျင်းပရာ ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် သံဃာတော်များ၊ သီလရှင်များ၊ သီရိသုဓမ္မ မဏိဇောတရေ ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်နာယက ဦးစိုးဝင်း (စဥ္စကူ စိုးဝင်း)နှင့် အလှူရှင်များ၊ ဒေသခံများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များ၊ သီလရှင်များနှင့် ပရိသတ်တို့က ပူဇော်ကန်တော့ကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပန်းတစ်ပွင့်တောင် ဆရာတော်ကိုယ်စား၊ ဝေယျာဝစ္စအဖွဲ့ဝင် ဦးအောင်သန်း(ဝါးနက်ချောင်း)နှင့် ဒေါ်တင်တင်ဝင်း(အင်းစိန်)တို့က ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်ကြီးထံမှ ဩဝါဒနှင့် ရေစက်ချတရား နာယူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အမှာစကား ပြောကြား**

**သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၆

**သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်များမှ သာသနာရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် သာသနာရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်စပ်လျဉ်း၍ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်း**

ဆက်လက်၍ ပြည်နယ်၊ တိုင်း သာသနာရေးမှူးများက သက်ဆိုင်ရာ ပြည်နယ်၊တိုင်းများ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တာဝန်ရှိသူအသီးသီးက ကလေးမြို့ နေရဋ္ဌရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းနှင့် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။ (သတင်းစဉ်)

## ❍ NLD မှ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးအဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLDပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့ကြောင်း ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## ➪ ငှက်ဖျားရောဂါမှ

စီနင်(artemisinin)ဖြစ်ပြီး ကျန်တစ်မျိုးမှာအာမိုဒီယာကွင်း (amodiaquine) ဖြစ်သည်။

အာတီမီစီနင်သည် တရုတ်နိုင်ငံမှပြုလုပ်သော ဆေးတစ်မျိုးဖြစ်ကာ အာမိုဒီယာကွင်းဆေးမှာ ငှက်ဖျားရောဂါကိုကုသရန် အစွမ်းထက်နေသေးသော ဆေးတစ်မျိုးဖြစ်သည်။

ယခုဖော်စပ်ထားသော အေအက်စ်အေကြူဆေးကိုသုံးစွဲလျှင် လူကြီးတစ်ဦးအတွက် တစ်ဒေါ်လာခန့် ကုန်ကျမည်ဖြစ်ပြီး ကလေးတစ်ဦးအတွက် သုံးစွဲပါက ဒေါ်လာဝက်ခန့်သာကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆေးသစ်ပေါ်ထွက်လာခြင်းသည် ကမ္ဘာ့ရောဂါဆိုးတိုက်ဖျက်ရေးလုပ်ငန်းအတွက် အလားအလာကောင်း သတင်းကောင်းပင်ဖြစ်သည်ဟု ကုလသမဂ္ဂဒဗလျူအိပ်ချ်အိုမှအကြီးအကဲ ဒေါက်တာ အာရာတာ ကိုချီက ပြောကြားသည်။

ထို့အပြင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆေးများကို ကုမ္ပဏီများက ထုတ်လုပ်ပါက ထုတ်လုပ်နေကျ ဆေးအမျိုးအစားတစ်မျိုးတည်းသာပါသည့် ဆေးများကို မထုတ်လုပ်ဘဲ အေအက်စ်အေကြူဆေးကဲ့သို့ ဆေးပေါင်းများ အဖြစ်ထုတ်လုပ်သင့်ကြောင်း ကိုချီကအကြံပြုပြောကြားသည်။

ရောဂါတိုက်ဖျက်ရေးဆေးများကို ထုတ်လုပ်ရာ၌ ဆေးတစ်မျိုးတည်းပါသော ဆေးများကိုသာထုတ်လုပ်ပါက ထိုဆေးသည် ကြာသောအခါ ဆေးယဉ်သော ရောဂါပိုးများ ဖြစ်ပွားလာသည့်အဖြစ်မျိုးများနှင့် ကြုံရနိုင်သည်ဟုဆိုသည်။

**အင်တာနက်**

ကြေးမုံ The Mirror

## ပြည်တွင်းသတင်းမှတ်စု

### ဇီးပေါက်ကျေးရွာ စက်ရေတွင်းတူးဖော်

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဇီးပေါက်ကျေးရွာ အလှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

### အောင်ပန်း-လွိုင်ကော် လမ်းသာယာလှပရေးဆောင်ရွက်

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်း အောင်ပန်း–လွိုင်ကော် လမ်းဘေး ဝဲ၊ ယာနှင့် မြို့တွင်းလမ်းသွယ် လမ်းဘေး ဝဲ၊ယာ သာယာလှပရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၂ ရက်က မြို့တွင်း အောင်ပန်း–လွိုင်ကော် ကားလမ်းဘေး ဝဲ၊ယာ ပေါင်းမြက် ချုံနွယ်များရှင်းလင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့်အတူ တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင်၊ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်တို့ ကြပ်မတ်ဆောင်ရွက်ကြသည်။

### ဝါဏိဇ္ဇဘွဲ့ရများအသင်း ဆွေးနွေးပွဲကျင်းပမည်

ဝါဏိဇ္ဇဘွဲ့ရသူများအသင်း(မြန်မာနိုင်ငံ) CGA မှ ကြီးမှူး၍ မတ် ၁၈ရက်(တနင်္ဂနွေနေ့)တွင် ဒေါက်တာတင်လတ် B.Com, DMA (LCCI) C.P.A, ACCA, ACMA, MBA, DBA(UK)က I.S.O Certification Requisitesခေါင်းစဉ်ဖြင့် Workshopကို အသင်းတိုက်ခန်းမ၌ ပို့ချဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ တက်ရောက်နိုင်သည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများအသင်းရုံး ဖုန်း–၂၉၁၆၆၇၊ အမှတ် (၃၇/၄၁) လမ်း(၅၀) အောက်ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

### စာမေးပွဲအထောက်အကူပြု ဟောပြော

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာ ဦးဆောင်၍ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်ကျွန်းသာယာခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်တက္ကသိုလ်မှ ဒေါ်နုနုရီ တွဲဖက်ပါမောက္ခ (ရုက္ခဗေဒ)၊ ဒေါက်တာရင်ရင်မြင့် ကထိက(ရူပဗေဒ)၊ ဒေါ်လေးနွယ် ကထိက(သင်္ချာ)၊ ဒေါ်သီသီထွတ် လက်ထောက်ကထိက (အင်္ဂလိပ်)နှင့် ဦးသန်းစိုးလတ် လက်ထောက်ကထိက(ဓာတုဗေဒ)တို့က ဘာသာရပ်အလိုက် ဟောပြောကြသည်။ (ကြေးမုံ)

# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်-ပုသိမ်လမ်းတွင် ပြင်ဆင်မွမ်းမံမှုကြည့်ရှု ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်း

ရန်ကုန် မတ် ၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ရန်ကုန်-ပုသိမ်လမ်းအတိုင်း ထွက်ခွာခဲ့ကြပြီး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူပြင်ဆင် မွမ်းမံလျက်ရှိသည့် မိုင်တိုင် (၁၇)မိုင် ခြောက်ဖာလုံ လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက မိမိတာဝန်ယူရသည့် လမ်းအပိုင်း၊ ကတ္တရာ ရေပိတ်လွှာလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးက လမ်းသားကို သတ်မှတ်စံချိန် စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာ စက်မှုဇုန်အမှတ်(၅) လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းသို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးအောင်ထွန်းက လက်ရှိလမ်းအခြေအနေ၊ ယခုဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဤလမ်းမှာ ဧရာဝတီတိုင်း-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်းမြို့များမှ ရန်ကုန်သို့ ဆက်သွယ်သွားလာနိုင်သည့် အဓိကလမ်းတစ်လမ်းဖြစ်၍ ရာသီမရွေး သွားလာနိုင်အောင် လုပ်ဆောင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်း တင်ပြသည်။ ထို့နောက် ဝန်ကြီးက လုပ်ငန်းကို စနစ်တကျနှင့် အချိန်နှင့်တစ်ပြေးညီ စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ကြရန်နှင့် ချဉ်းကပ်လမ်းမြေကြီးလုပ်ငန်း ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းတို့ကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းမှ တံတားကြီးပေါ်သို့ တက်ရောက်၍ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများ လွှန်းထိုးနေရာချခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R. C. D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်း အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ဆောက်လုပ်ရေး)





# မြို့နယ်သာသနာ့ဗိမာန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ဦးဆောင်၍ မြို့နယ် သာသနာ့ဗိမာန်တည်ဆောက်ရေး ဆရာတော်များအဖွဲ့က ကြီးမှူးဆောက်လုပ်မည့် မြို့နယ်သာသနာ့ဗိမာန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် (နှောင်းတန်ခူးလဆန်း ၄ ရက်နေ့) မတ် ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် မြို့နယ် သာသနာ့ဗိမာန် မြေနေရာယာယီမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများလှူဒါန်းလိုပါက တေဇာရာမကျောင်း ဖုန်း-၀၅၅-၂၀၂၁၄၊ မစိုးရိမ်ကျောင်း ဖုန်း ၀၅၅-၂၀၂၃၅၊ မင်းကျောင်းကြီး ဖုန်း ၀၅၅-၂၀၂၁၆၊ ပုညရံသီမဟာစည်ရိပ်သာ ဖုန်း ၀၅၅-၂၀၂၁၇ ကျောင်းများရှိ ကပ္ပိယကာရကအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း မြို့နယ် သာသနာ့ဗိမာန် တည်ဆောက်ရေး ဆရာတော်များ၏ ဩဝါဒခံအကျိုးဆောင် ကပ္ပိယကာရကအဖွဲ့ တေဇာရာမကျောင်းတိုက်ကြီးမြို့မှ နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

# ဘိလိယက်နှင့် စနူကာပြိုင်ပွဲစတင်

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ပြိုင်ပွဲကို မတ် ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု**

# သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ သားဖွားမီးယပ် လူနာများအား ခွဲစိတ်ကုသပေးမည်

ရန်ကုန် မတ် ၆

**သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)၌ ကျင်းပရာ ဘယ်လ်ဂျီယံနိုင်ငံ** Support Fund Myanmar (Belgium) Team **မှ သားအိမ်ခေါင်းကင်ဆာ** (Cervix Cancer) **ရောဂါရှာဖွေကုသရေး ခွဲစိတ်ဆရာဝန်ကြီး** Dr. Marleen Praet **နှင့် အဖွဲ့ဝင်များ၊ ဆေးရုံမှတပ်မှူး ပါမောက္ခဗိုလ်မှူးကြီးကျော်ညွန့်နှင့် သားဖွားမီးယပ်ပါရဂူများ၊ ဖိတ်ကြားထားသူများနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ သားဖွားမီးယပ်ဆိုင်ရာ သင်တန်းသားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မင်္ဂလာဒုံ အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)မှ သားဖွားမီးယပ်ပါရဂူ ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်က သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံမှ ကင်ဆာရောဂါကုသရေး ဆရာဝန်ကြီး Dr.Marleen Praet က သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက် လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ရှာဖွေကုသရေး ခွဲစိတ်ဆရာဝန်ကြီး Dr. Marleen Praet နှင့်အဖွဲ့ဝင်များ၊ အမှတ်(၁) တပ်မတော် သားဖွား မီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)မှ တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်နှင့် သားဖွားမီးယပ်ပါရဂူများ ပူးပေါင်း၍ မင်္ဂလာဒုံ၊ မှော်ဘီနှင့် အင်းတိုင် တပ်နယ်တို့မှ သားအိမ်ခေါင်းကင်ဆာ ရောဂါရှင် ခုနစ်ဦးတို့ကို မတ် ၇ ရက်မှ ၉ ရက်အထိ ခွဲစိတ်ကုသပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲကို မင်္ဂလာဒုံ အမှတ်(၁) တပ်မတော် သားဖွား မီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)၌ ကျင်းပရာ ဆေးရုံတပ်မှူး သားဖွားမီးယပ်ပါရဂူ ပါမောက္ခ ဗိုလ်မှူးကြီး ကျော်ညွန့် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



## ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မတ် ၆**

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၂၄ မိနစ် ၅၂ စက္ကန့်အချိန် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၂၅၀ ခန့်ကွာဝေးသော နေရာ(မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု ၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၅၀** ၅။ မျိုးချစ်တပ်မတော်
**၅:၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
**၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
**၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ မိုးလေဝသသတင်း
**၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
**၆:၃၅** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၆)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း(၈)ကွက်" (အပိုင်း-၁၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။




## တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် နမ့်ခချောင်းကူးတံတား တည်ဆောက်မှုနှင့် တာကော်လေး-မက်မန်း ကားလမ်းပိုင်း လမ်းတိုးချဲ့မှုလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ မိုင်းပျဉ်း-တာကော်လေး-မက်မန်း ကားလမ်းနှင့် တံတားများကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာကော်လေးကျေးရွာ အရှည်ပေ ၄၄၀ နမ့်ခချောင်းကူး ဘေလီတံတား တည်ဆောက်မှု လုပ်ငန်းခွင်နှင့် တာကော်လေး-မက်မန်း ကားလမ်းအပိုင်း ၂၂ပေ အကျယ် မြေသားလမ်း တိုးချဲ့သည့် လုပ်ငန်းခွင်များ၌ လိုအပ်သည်များ မှာကြားပြီး မက်မန်းမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မက်မန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည်နယ်အထူးကု ဆရာဝန်ကြီးများ အဖွဲ့မှ မော်ဖဒေသ ဒေသခံတိုင်းရင်းသား ပြည်သူများအား အခမဲ့ဆေးဝါး ကုသဆောင်ရွက်ပေးမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် မက်မန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး တပ်ဖွဲ့ဝင်များအား နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်း မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

## ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သာကေတ သံပေါင်တံတားပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များဖြစ်ကြသော ဦးကျော်စိုး၊ ဦးညီညီတို့လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ငမိုးရိပ်ချောင်းဖြတ် သာကေတ သံပေါင်တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်ဝင်းအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့် မြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ငမိုးရိပ်ချောင်းဖြတ် သာကေတသံပေါင်တံတားသို့ နံနက် ၇ နာရီတွင် ရောက်ရှိရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက သံပေါင်တံတားကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ သံမဏိသံပြားများ ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်ဝင်းသို့ သွားရောက်၍ ကျောက်ခွဲစက်အသစ်တပ်ဆင်ဆောင်ရွက်နေမှု၊ ကတ္တရာကွန်ကရစ်ဖျော်စက်မှ ကတ္တရာကွန်ကရစ်များ ဖျော်စပ်ထုတ်လုပ်နေမှုနှင့် ကတ္တရာများ စုဆောင်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းအဆင့်မြှင့် လုပ်ငန်းများ သွက်လက်မြန်ဆန်မှုရှိစေရန် လိုအပ်သည့် ကတ္တရာကွန်ကရစ်နှင့် ကျောက်အရွယ်အစားများကို ဟန်ချက်ညီညီ ထုတ်လုပ်ရေး၊ ကတ္တရာနှင့် ကျောက်များကို ကြိုတင်စုဆောင်းထားရှိရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၉)

### သာယာမည်

(၇-၃-၂၀၀၇)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

### တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

## တိလောကမာရဇိန်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၆

ဧရာဝတီတိုင်း မအူပင်မြို့နယ် ရေလဲကလေးမြို့ မဟာဗုဒ္ဓါရာမဝိဟာရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော ဉာဏ်တော်အတောင် ၆၀ မြင့် တိလောကမာရဇိန်ဘုရားကြီး နှစ်(၅၀) ရွှေရတုဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၈ခု တန်ခူးလဆန်း ၅၊ ၆ရက်) မတ် ၂၂နှင့် ၂၃ရက် တို့တွင် အင်္ဂပူထီးတော်တင်အဖွဲ့မှ ထီးတော်တင်လှူပြီး ညပိုင်းတွင် ဇာတ်သဘင်အဖွဲ့မှ ကပြဖြေဖျော်မည်။ တန်ခူးလဆန်း ၇ရက်တွင် ဆွမ်းတော်ကြီးကပ်၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ပြီး ညပိုင်းတွင် နိုင်ငံကျော်ဓမ္မကထိက တွံတေးအရှင်ဣန္ဒကက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်။ တန်ခူးလဆန်း ၈ရက်တွင် ပင့်သံဃာ ၇၀တို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁နာရီတွင် ဆွမ်းတော်ကြီး လောင်းလှူမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးနှိုးဆော် ကြေညာထားသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အမြတ်များများရအောင် ယူတတ်ပါစေတရားတော် (ရွှေမြိုင်ဆရာတော် ဦးသြဘာသာဘိဝံသ |
| ၈း၀၀ | အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ(အပိုင်း-၁) |
| ၈း၂၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ဖူးမြော်ပူဇော် မြသလွန်စေတီတော် |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | Midweek Sport News |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | အသည်းရောင်အသားဝါ (ဗီ)ပိုးတွေ့ရှိနေလျှင် |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ | မြန်မာစာ၊ မြန်မာစကား(၈) |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်) |
| ၁၁း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (ကဗျာဆရာစောဝေနှင့် တွေ့ဆုံခြင်း) |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၂း၅၀ | တေးဂီတအစီအစဉ် |
| ၁၂း၅၅ | တံတားမြစ်ငယ် အသစ်သွယ် လူမှုစီးပွားကြွယ် |
| ၁း၀၀ | MRTV-4 အပိတ်Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Man:Utd-Lille | 5-Sports(Live) |
| ၁၂း၃၀ | Bayern Munich-Real Madrid | 5-Series(Live) |

## ပဲခူးတိုင်း ရွှေကျင်မြို့နယ်နှင့် မုံးမြို့နယ်တို့တွင် မိုင်းပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

ရန်ကုန် မတ် ၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာနေ ဦးထွန်းထွန်းဦးသည် အဖော်တစ်ဦးနှင့်အတူ မတ် ၄ရက် နံနက် ၉နာရီခန့်တွင် ထင်းခုတ်ရန် သွားရောက်စဉ် ရွှေကျင်မြို့နယ် ပန်းအင်းရွာအနီး လှည်းလမ်းပေါ်၌ မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေထောက်ခြေမျက်စိအောက်ပိုင်းပြတ် ဒဏ်ရာရရှိခဲ့သည်။

ပဲခူးတိုင်း မုံးမြို့ (၆)ရပ်ကွက်နေ မောင်ဇော်လင်းထွန်းသည် အဖော်နှစ်ဦးနှင့်အတူ မတ် ၄ရက် နံနက် ၁၀နာရီခွဲခန့်တွင် ဝါးခုတ်သွားစဉ် သကြန်တောင်အနီး၌ မိုင်းတစ်လုံးနင်းမိသဖြင့် ခြေထောက်နှစ်ဖက်စလုံးနှင့် မျက်နှာတို့၌ ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရရှိသူနှစ်ဦးအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)နှင့် မုံးဆေးရုံတို့သို့ တင်ပို့ကုသ၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ယခုကဲ့သို့ အများပြည်သူ သွားလာလုပ်ကိုင်ရာတတ်သည့်နေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုက ရွံ့မုန်းလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် သာကေတမြို့နယ် ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ်တံတား ပြန်လည်မွမ်းမံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)




# (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်

နေပြည်တော် မတ် ၆

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲ နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ ဆုများကို ချီးမြှင့်သည်။**

ဆုချီးမြှင့်ပွဲသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊(၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စုရပ်မှ စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြကာ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက်ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ၂၀၀၇ခုနှစ်(၆၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ စစ်တီးဝိုင်းဆု တတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ [ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ်(၉၈) ရွှေဘုံသာလမ်း (အောက်) ပန်းဘဲတန်းမြို့နယ်]သို့ ဦးစိန်ဟုတ်၊ ဒေါ်လှကြည်၊ သမီး မစိုးစိုးကြည်၊ သား မောင်ဉာဏ်ထွန်း၊ မောင်သက်ထွန်း မိသားစုကိုယ်စား ဦးမြင့်ဆွေက ငွေကျပ် ၂၁၀၀၀၀ လှူဒါန်းရာ အမှုဆောင် ဦးမျိုးထွန်း လက်ခံယူစဉ်။ (က-ပ)



ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရဲတပ်ဖွဲ့၏ စံပြရဲရွေးချယ်ရေး၊ ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို မတ် ၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးခန်းမတွင် ပြုလုပ်ရာ အရာရှိ ၁၁ဦးနှင့် အခြားအဆင့် ၅၀ ဝင်ရောက်ဖြေဆိုပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)

## သဘာဝဓာတ်ငွေ့နှင့် ကမ်းလွန်ရေနံရှာဖွေတူးဖော်နေစဉ် သင်္ဘောများ ဖြတ်သန်းသွားလာခြင်းမပြုရန် အသိပေး

**ရန်ကုန် မတ် ၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် AD(7) တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် SV Zephyr-1 ဖြင့် မတ် ၈ ရက်မှ ဧပြီ ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၅၄ ဒသမ၈၄၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၀မိနစ် ၃ဒသမ၉၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁မိနစ် ၄၇ဒသမ ၉၇၅၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၂ မိနစ် ၄၀ ဒသမ၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁ မိနစ် ၉ ဒသမ ၈၂၂၆၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၂မိနစ် ၂၆ဒသမ၅ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၁၀မိနစ် ၃၉ဒသမ၁၅၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂မိနစ် ၅၂ဒသမ ၁ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၀မိနစ် ၃၉ဒသမ ၅၄၁၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၉မိနစ် ၅၄ဒသမ ၆ စက္ကန့်တို့ အတွင်းတွင်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD(7) တွင် တိုင်းတာရေး ရေယာဉ် SV Zephyr-1 ဖြင့် 2D Seismic Survey တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ဝန်ထမ်းများအတွင်း လုပ်ပိုင်ခွင့်အလွဲသုံးပြီး ဖောက်ပြန်မှုနှင့် အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေး အလေးအနက်ထားဆောင်ရွက်နေ လုပ်ပိုင်ခွင့်နှင့်တာဝန်ကို ဖြူစင်ဖြောင့်မတ်သောစိတ်စေတနာဖြင့် ထမ်းဆောင်

နေပြည်တော် မတ် ၆

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၈/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။**

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုနှင့် ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဘိုဘို၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇင်ကိုကို၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝင်းထိုက်၊ ကွန်ပျူတာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စိုင်းဒေါတို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အဓိက ရည်ညွှန်းချက် တာဝန်အပြင် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အား တည်ဆောက်မှု တာဝန်ကိုပါ ထမ်းဆောင်ကြရန်၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ ဖြစ်သည့် ဒို့တာဝန်အရေး သုံးပါးကို အမြဲဦးထိပ်ထားပြီး နိုင်ငံတော်နှင့် ပြည်သူကို အစဉ်သဖြင့် ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် ရပ်တည်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအတွင်း လုပ်ပိုင်ခွင့် အလွဲသုံးပြီး ဖောက်ပြန်မှုနှင့် အကျင့်ပျက် လာဘ်စားမှု တိုက်ဖျက်ရေးကို အလေးအနက်ထား ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည့်အလျောက် နိုင်ငံတော်၏ လိုလားချက်ကို စွမ်းစွမ်းတမံ ဖြည့်ဆည်းရင်းဖြင့် မိမိကိုယ်၌ကလည်း အဂတိတရားကင်းစင်ပြီး စာရိတ္တ ခြစားမှုလုံးဝမရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်၍ ပြည်သူလူထုကို အလုပ်အကျွေးပြုရန်၊ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အထက် အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ စနစ်တကျရှိခြင်း၊ စေတနာပါခြင်းဆိုသည့် (စ)လေးလုံးကို ရှေ့တန်းတင်ပြီး အလုပ် လုပ်ကြရန်၊ ပြည်သူက လိုလားသော ရဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က လိုလားသော ရဲ၊ နိုင်ငံတော်က လိုလားသော ရဲတပ်ဖွဲ့ဝင်များအဖြစ် တစိုက်မတ်မတ် ရပ်တည်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ အတီးပြိုင်ပွဲ
၈း၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၀ ၉။ ရွှေလောင်းတံတား
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ခုနှစ်)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေအထူးပြု) (ဥပဒေပညာ)
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၁၀ ၆။ သီချင်းကြီးပဒေသာ
၅း၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၂။ Discovery
၇း၁၅ ၁၃။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၇း၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၇း၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာရုပ်ရှင် "နွေရူပ" (ဇော်ဝမ်း၊ခင်သီတာထွန်း) (ဒါရိုက်တာ-မောင်တင်ဦး)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

# ရေချိုငါး၊ ပုစွန်များ ရောင်းဝယ်ဖောက်ကားရာ ရောင်းသူနှင့်ဝယ်သူ စည်ကားနေသည့် ဗဟိုစံပြငါးဈေးကြီး

**သတင်းဆောင်းပါး–ဇော်ဝင်း (ကြေးမုံ)**

**ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)**



**ကြီး၊ ငယ်၊ ရွယ်လတ် ရွေးချယ်နေသည့် ပုစွန်တုပ်ဒိုင် မြင်ကွင်း။**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးသည် နံနက် ၁ နာရီခွဲခန့်မှ စတင်ကာ ရောင်းဝယ် ဖောက်ကားမှုများဖြင့် သက်ဝင်လှုပ်ရှားလာပြီး ရန်ကုန်မြို့နှင့် ဒေသအသီးသီးသို့ ရေချို ငါး၊ ပုစွန်များကို ဖြန့်ချိရောင်းချပေးလျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့ ဗဟိုစံပြငါးဈေးကြီးသို့ သွားရောက်ပြီး ကုန်စည်ဝင်ရောက်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် ဈေးကွက် အခြေအနေ အရပ်ရပ်တို့ကို လေ့လာမေးမြန်းခဲ့သည်။ ဤ ဗဟိုစံပြငါးဈေးကြီးကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဈေးရုံငါးရုံဖြင့် ဖွဲ့စည်းထားသည်။ (က၊ ခ၊ ဂ၊ ဃ၊ င) အမည်ရှိ ဈေးရုံများတွင် ရုံအမှတ် (ဂ)သည် ငါး၊ ပုစွန်လုပ်ငန်းတွင် သိုလှောင် ထုပ်ပိုးတင်ပို့ရာ၌ မရှိမဖြစ်သည့် ရေခဲလုပ်ငန်း သီးသန့်ရောင်းဝယ်ရာရုံဖြစ် ပြီး ကျန်လေးရုံတွင် ငါး၊ ပုစွန် ဒိုင်ပေါင်း ၁၃၅ ဒိုင်တို့က တင်ပို့ရောက်ရှိလာသော ရေချို ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်း တင်ပို့သော မွေးမြူရေးငါးများ၊ ဧရာဝတီတိုင်း ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး၊ ဖျာပုံ၊ ပုသိမ် မြို့နယ်များမှ တင်ပို့သော ရေချိုငါး၊ ပုစွန်များ ဝင်ရောက်လာကြောင်း၊ တွံတေးမြို့နယ်မှ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်နှင့် ငါးခေါင်းပွတို့မှာ များ ခင်းကျင်းရောင်းဝယ် ဖောက်ကားလျက်ရှိသည်။



**“ငါးသလောက် အဝင်များရင် ငါးမြစ်ချင်းနဲ့ ငါးကြင်းဈေး သိသာစွာ ကျတတ်”။**

(ဦးစိုးသိန်း ဗဟိုစံပြငါးဈေးကြီး ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး)

ရှေးဦးစွာ ဗဟိုစံပြငါးဈေးကြီး ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် တွေ့ဆုံရာတွင် “ယခုရက်ပိုင်းအတွင်း ဤဈေးကြီးသို့ တွံတေးမြို့နယ်ရှိ ငါးမွေးကန် အသီးသီးမှ ဈေးကွက်တွင် အများသုံး ငါးများအဖြစ် တွင်ကျယ်လှကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် ထိုဒေသမှ တင်ပို့သော ငါး၊ ပုစွန်ရေယာဉ် ၁၄ စင်းခန့် ဆိုက်ကပ်လာပြီး ကုန်ပစ္စည်းများ ဈေးကြီးအတွင်းသို့ ရေဆင်းတံတားအသီးသီးမှ သယ်ယူဖြန့်ချိပြီဖြစ်ကြောင်း၊ မြစ်ချောင်း၊ အင်းအိုင်များမှ သဘာဝအလျောက် ဖမ်းဆီးရမိသော ရေချိုငါးများအနေဖြင့် ငါးနုသန်း၊ ငါးကျည်း၊ ငါးရှူ၊ ငါးပြေမ၊ ငါးရံ့၊ ငါးဖယ်များကို ဧရာဝတီတိုင်းမှ ရေယာဉ်များဖြင့် တင်ပို့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် အထက်ပါ ကုန်စည်များ ရေယာဉ် ငါးစင်းခန့် ဝင်ရောက်လာပြီဖြစ်ကြောင်း” ဦးစွာ ရှင်းပြသည်။

ဆက်လက်၍ “ရေထွက်ကုန်ပစ္စည်းများသည် သဘော သဘာဝအရ ရေထရက်တွင် ကုန်ပစ္စည်းအဝင်များကြောင်း၊ အဆိုပါ ရက်များတွင် ရေယာဉ်စင်းရေ ၂၀ မှ ၃၀ အထိ ဝင်ရောက်လာလေ့ရှိကြောင်း၊ ထိုအခါ ကုန်ပစ္စည်းအသီးသီး၏ ဈေးနှုန်းမှာ သိသာစွာ ကျဆင်းလာကြောင်း၊ အထူးသဖြင့် မွေးမြူရေး ငါးကြင်းနှင့် ငါးမြစ်ချင်းမှာ ငါးသလောက်အဝင်များပါက ပိုမိုသိသာစွာ ဈေးနှုန်းကျဆင်းကြောင်း၊ ဥပမာဖြင့် ပြောရလျှင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက တစ်ပိဿာလျှင် ကျပ်၁၂၀၀မှ ၁၃၀၀အထိ ဈေးရှိခဲ့သော ငါးမြစ်ချင်းမှာ ငါးသလောက် အဝင်များမှုကြောင့် တစ်ပိဿာလျှင် ကျပ် ၆၅၀ အထိ ဈေးကျဆင်းသွားကြောင်း”ဖြင့် ဈေးကွက် အခြေအနေကို ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိသည့်နေ့က ဈေးအတွင်းသို့ ကုန်ပိဿာချိန် တစ်သိန်းနီးပါး ဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ရှိ ဈေးအသီးသီးသို့ ငါး၊ ပုစွန် ပိဿာချိန် လေးသောင်းခန့်နှင့် မြန်မာနိုင်ငံအရပ်ရပ်သို့ ပိဿာချိန် ခြောက်သောင်းနီးပါးခန့် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ငါးမြစ်ချင်းဈေးနှုန်းမှာ တစ်ကောင်လျှင် နှစ်ပိဿာအထက်ရှိ အတန်းအစားတွင် ကျပ် ၁၇၀၀၊ တစ်ပိဿာ ၂၅ ကျပ်သားမှ နှစ်ပိဿာအထိ အရွယ်အစားမှာ ကျပ် ၁၆၀၀၊ တစ်ပိဿာအောက် ကျပ် ၁၅၀၀ မှသည် အသေးဆုံး အရွယ်အစား၏ တစ်ပိဿာဈေးနှုန်းမှာ ၁၂၅၀မှ ၁၃၀၀ အထိဖြစ်ကြောင်း၊ငါးကြင်းကိုမူ အလေးချိန်အရ အမျိုးအစား လေးမျိုးခွဲခြားပြီး ရောင်းချကြကြောင်း။

မွေးမြူရေးငါးတန်မှာ အရောင်းအဝယ်သွက်သည့် မွေးမြူရေးငါးဖြစ်ကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၆၀၀ အထိ ဈေးရှိကြောင်း၊ ၎င်းပြင် သဘာဝ မြစ်ချောင်းများမှ ဖမ်းဆီးရရှိသည့်ငါးတန်မှာမူ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြစ်ကြောင်း၊ ရေချိုငါးအုပ်စုတွင် ငါးရံ့ကိုအကြီး၊ အလတ်၊ အသေး အုပ်စုသုံးခုခွဲ၍ ဈေးနှုန်းမှာလည်း သုံးမျိုးဖြစ်ကြောင်း၊ ယခုပေါက်ဈေးမှာ တစ်ပိဿာလျှင် အရွယ်အစားအလိုက် ကျပ် ၃၀၀၀၊ ၂၅၀၀နှင့် ၂၀၀၀ ဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်းရှိ အင်းများမှ ငါးရှူ၊ ငါးကျည်း၊ ငါးဖယ်များ မော်တော်ယာဉ်ဖြင့် ဈေးအတွင်းသို့ ဝင်ရောက်လာကြောင်း၊ အင်းဖော်ရာသီဖြစ်၍ ကုန်အဝင်များကြောင်း၊ဤအချိန်တွင် ဈေးနှုန်းအနည်းငယ် ကျဆင်းကြောင်းဖြင့် ဗဟိုစံပြ ငါးဈေးကြီးအတွင်းသို့ မွေးမြူရေးကန်များနှင့် သဘာဝမြစ်ချောင်း အင်းအိုင်များမှ ဖမ်းဆီးထုတ်လုပ်တင်ပို့သော ရေချိုငါးများ ဝင်ရောက်လာပုံ၊ အမျိုးအစား ခွဲခြားသတ်မှတ်ပုံနှင့် လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းတို့ကို ဆက်စပ်ရှင်းလင်းပြောကြား သည်။

**ဈေးကွက်အသီးသီးသို့ တင်ပို့မည့် ငါးများ။**



**ငါး၊ ပုစွန် သယ်ပို့ရာတွင် ပုပ်သိုးပျက်စီးမှုမှ ကာကွယ်ရန် အဓိက လိုအပ်ချက်မှာ ရေခဲဖြစ်သည်။**



ကြေးမုံသတင်းအဖွဲ့သည် ငါးဈေးကွက်၌ စားသုံးမှု များပြားလာသည့် တီလားပီးယား ငါးဈေးကွက်ကို စုံစမ်းရာတွင် “ယခုရာသီ၌ ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ တီလားပီးယား ငါးများ အဝင်များကြောင်း၊ ဤငါးမှာလည်း ကန်မွေးငါးဖြစ်ကြောင်း၊ တီလားပီးယား ငါးတစ်ပိဿာလျှင် ယနေ့ ကျပ် ၁၀၀၀–၁၃၀၀ ဖြစ်ကြောင်း၊ ရှစ်ကီလိုမှ ၁၀ ကီလိုအထိ အလေးချိန်ရှိသော အရွယ်အစားမှာမူ တစ်ပိဿာလျှင် ကျပ် ၁၄၅၀ ထိ ဈေးရှိကြောင်း၊ အခြားလူကြိုက်များသည့် ရေချိုငါးဖြစ်သည့် ငါးဘတ်မှာ တစ်ကောင်လျှင် နှစ်ပိဿာအထက် အရွယ်အစားရှိ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ နှစ်ပိဿာမှ တစ်ပိဿာ ငါးဆယ် အစားမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ နှင့် တစ်ပိဿာအောက် အကောင်ငယ်များမှာ တစ်ပိဿာလျှင် ၁၅၀၀ ဖြစ်ကြောင်း၊ ပုစွန်တုပ်ကြီးများမှာ အရွယ်အစားအလိုက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ကျပ် ၁၄၀၀၀ အထိ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းဗဟိုစံပြ ငါးဈေးကြီးသည် မြန်မာနိုင်ငံဒေသအသီးသီးရှိ ဈေးကွက်များသို့ အဆက်မပြတ် တင်ပို့ရောင်းချလျက်ရှိပြီး စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသော စားနပ်ရိက္ခာ ဂိုဒေါင်ကြီးတစ်ခုသို့မဟုတ် ရောင်းသူနှင့် ဝယ်သူ၊ မွေးမြူထုတ်လုပ်သူနှင့် သယ်ယူပို့ဆောင်သူတို့ ပေါင်းစပ်ဆက်ဆံရာ ဆိပ်ကမ်းသာကြီးဖြစ် ကြောင်း တင်ပြလိုက်ပါသည်။ ။ (ကြေးမုံ)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ချမ်းသာလမ်းနေ ဒေါက်တာသိန်းဇော်၊ ဒေါက်တာအေးအေးရိန်း၊ဒေါက်တာ မျိုးသက်ထွန်း၊ ဒေါက်တာအောင်မျိုးမင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့–အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။**

(က–ပ)




## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ အရှေ့ရန်ကင်းနေ ဒေါ်ခင်အေးလှိုင်၊ ဒေါ်ခင်စောသန်းတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင် (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)



## ကြက်ငှက်သေဆုံးမှု စစ်ဆေးချက် သတင်းထုတ်ပြန်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်သေဆုံးမှုစစ်ဆေးချက်သတင်း**
**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်း မြို့နယ်များအတွင်း ၆–၃–၂၀၀၇နေ့ ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ–

(က) **ငှက်မြေကျသေဆုံးမှု** ၆–၃–၂၀၀၇နေ့တွင် အလုံ၊ရန်ကင်း၊မင်္ဂလာတောင်ညွန့်၊ လှိုင်၊ပန်းဘဲတန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ တာမွေ၊ သန်လျင်မြို့နယ် (၉)မြို့နယ်အတွင်း ကျီးကန်း ၁၀ကောင်၊ ခို ၇ကောင်၊ ဘုတ် ၁ ကောင်၊ ချိုး ၁ ကောင်၊ ဆက်ရက် ၁ ကောင် မြေကျသေဆုံးကြောင်း။

(ခ) **ကြက်ဘဲသေဆုံးမှု** မြို့နယ်များ ကြက်၊ဘဲများထူးခြားစွာသေဆုံးမှုမရှိပါကြောင်း၊

(ဂ) **တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းစစ်ဆေးချက်** ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါကြောင်း။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် မတ် ၆**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ညွှန်ကြားချက်ဖြင့် ကြက်၊ ငှက်၊ တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော စီးပွားဖြစ်မွေးမြူရေးခြံများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ပိုးသတ်ဆေးဖျန်းခြင်းနှင့် ဇီဝလုံခြုံရေးဆိုင်ရာ သရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်နံနက်က သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၌ ဦးကျော်ကျော်ထူးပိုင် ကြက်မွေးမြူရေးခြံ၌ ပြုလုပ်ရာ ရန်ကုန်တောင်ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးမြင့်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများ၊ကြက်မွေးမြူရေး လုပ်ငန်းရှင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဌေးမြင့်က အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ကြက်ခြံများကို သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၅၂၇)



## တရားရုံးချုပ်ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများတွင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှု စသည့် လောကပါလတရားများ ဦးထိပ်ထား၍ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်း အဆင့်အတန်းအားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက် ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသောပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ် စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါ လိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ တရားသူကြီးချုပ် ဖုန်း ၀၆၇–၄၀၄၀၈၀၊ ဒုတိယတရားသူကြီးချုပ် ဖုန်း ၀၆၇–၄၀၄၀၇၁၊ ၀၁–၃၇၂၁၄၅၊ ဒုတိယတရားသူကြီးချုပ် ဖုန်း ၀၂–၃၂၁၅၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၆၇–၄၀၄၀၇၈၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇–၄၀၄၀၆၇၊ ဖက်(စ်) ၀၆၇–၄၀၄၀၅၉ တရားရုံးချုပ် ရုံးအမှတ်(၂၄) နေပြည်တော်တို့ဖြစ်သည်။

ယင်းသို့တိုင်ကြားလာလျှင် တရားရုံးချုပ်က မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူသွားမည် ဖြစ်သည်။ ပြည်သူများကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်သွားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရှေ့နေချုပ်ရုံးဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ ယုံကြည်အားကိုးသည့် ဥပဒေရုံးများ ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါဝန်ဆောင်မှုပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ပစ္စည်း၊အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေး တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ရှေ့နေချုပ် ဖုန်း–၀၆၇–၄၀၄၀၈၈၊ဒုတိယရှေ့နေချုပ်များ ဖုန်း ၀၆၇–၄၀၄၀၉၀ ၀၆၇–၄၀၄၀၉၂၊ ၀၆၇–၄၀၄၀၉၄ ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၆၇–၄၀၄၀၉၇၊ ဖက်(စ်) ၀၆၇–၄၀၄၁၄၆၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇–၄၀၄၁၄၇၊ ဖက်(စ်) ၀၆၇–၄၀၄၁၀၆၊ ရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅) နေပြည်တော်တို့ဖြစ်သည်။ (သတင်းစဉ်)

## အင်တာနက် အားကစားသတင်းများ

## ဖီဖာ ယူ–၂၀ဘောလုံးပြိုင်ပွဲ အာရှအသင်းများ အုပ်စုကျပ်များ၌ ပါဝင်

**အော့တဝါ မတ် ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ယခုနှစ် ယူ–၂၀ ဘောလုံးပြိုင်ပွဲအတွက် ပွဲစဉ်များ ရေးဆွဲခဲ့ရာတွင် အာရှအသင်းများသည် အုပ်စုကျပ်များ၌ ပါဝင်နေကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။ တောင်ကိုရီးယားအသင်းသည် အုပ်စု(ဃ)တွင် ပါဝင်ပြီး ဘရာဇီး၊ ပိုလန်နှင့် အမေရိကန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဂျပန်အသင်းမှာလည်း နိုင်ဂျီးရီးယားနှင့် ကော်စတာရီကာကဲ့သို့ ထိပ်တန်းအသင်းများနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုတစ်ခုစီမှ ထိပ်တန်းအသင်း နှစ်သင်းစီနှင့် တတိယနေရာရှိအသင်းများအနက် အကောင်းဆုံးအသင်းလေးသင်းသည် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်မည် ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဇွန် ၃၀ရက်မှ ဇူလိုင် ၂၂ရက်အထိ ကနေဒါနိုင်ငံရှိ မြို့ကြီးခြောက်မြို့တွင် ကျင်းပမည် ဖြစ်သည်။



**မတ် ၃ ရက်က ကနေဒါနိုင်ငံတိုရွန်တိုမြို့၌ ယူ–၂၀ အုပ်စုပွဲစဉ်ရေးဆွဲသည့် အခမ်းအနားအပြီး ဖီဖာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂျက်ဝါနာအားသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

**အုပ်စုပွဲစဉ်**

**အုပ်စု(က)**
ကနေဒါ၊ ချီလီ၊ ကွန်ဂို၊ ဩစတြီးယား။

**အုပ်စု(ခ)**
စပိန်၊ ဥရုဂွေး၊ ဂျော်ဒန်၊ ဇမ်ဘီယာ။

**အုပ်စု(ဂ)**
ပေါ်တူဂီ၊ နယူးဇီလန်၊ ဇမ်ဘီယာ၊ မက္ကဆီကို။

**အုပ်စု(ဃ)**
ပိုလန်၊ ဘရာဇီး၊ တောင်ကိုရီးယား၊ အမေရိကန်။

**အုပ်စု(င)**
အာဂျင်တီးနား၊ ချက်သမ္မတနိုင်ငံ၊ မြောက်ကိုရီးယား၊ ပနားမား။

**အုပ်စု(စ)**
ဂျပန်၊ စကော့တလန်၊ နိုင်ဂျီးရီးယား၊ ကော်စတာရီကာ။

***အင်တာနက်။***



**မတ် ၄ ရက်က မဒရစ်တွင် ကျင်းပသော လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ဒူးခေါင်းဒဏ်ရာရရှိသွားသူ ဒေးဗစ်ဘက်ဟမ်းအား တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ဒေးဗစ်ဘက်ဟမ်းဒူးခေါင်းဒဏ်ရာပြင်းထန် နှစ်လကြာဘောလုံးကစားနိုင်မည်မဟုတ်

**မဒရစ် မတ် ၆**

ရီးယဲလ်မဒရစ်အသင်း၏ ကွင်းလယ်ကစားသမား ဒေးဗစ်ဗက်ဟမ်းသည် ဒူးခေါင်းဒဏ်ရာ ရရှိထားပြီး နှစ်လကြာမျှ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘက်ဟမ်းသည် စပိန် လာလီဂါဘောလုံးပြိုင်ပွဲတွင် ဂီတာဖေးအသင်းနှင့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားချိန် အတွင်း ဒူးခေါင်းဒဏ်ရာရရှိခဲ့သည်။ အဆိုပါပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ဘက်ဟမ်းသည် ပွဲချိန် ၆၉မိနစ်တွင် ညာဘက်ဒူးခေါင်း၌ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ဘက်ဟမ်းဒဏ်ရာ မရရှိမီ ၎င်းအသင်း၏ ဟိုဆေးအင် တိုနီယိုရေးယက်စ်မှာလည်း ဝဲဘက်ဒူးခေါင်းတွင် ဒဏ်ရာရရှိကာ ထွက်သွားရသည်။

ဘက်ဟမ်း၏ ဒူးခေါင်းဒဏ်ရာမှာ ပြင်းထန်ကြောင်း ရီးယဲလ်မဒရစ် အသင်းနည်းပြ ဖာဘီယိုကာပယ်လိုက ပြောကြားသည်။

***အင်တာနက်***

## ချန်ပီယံလိဂ်ဆုဖလားရရှိရန် အက်ရှ်လေကိုးမျှော်လင့်

**လန်ဒန် မတ် ၆**

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲမှာထက် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ဆုဖလား ရနိုင်မည်ဟုမျှော်လင့်ရကြောင်း အက်ရှ်လေကိုးက ယနေ့ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက် အသင်းနှင့် အမှတ်ကိုးမှတ် ကွာလျက်ရှိသည်။

အက်ရှ်လေကိုးသည် ဒူးခေါင်း ဒဏ်ရာရရှိခဲ့ပြီးနောက် ဘောလုံး ပြန်လည်ကစား နိုင်ပြီဖြစ်သည်။ ၎င်းပါဝင်ကစားသည့် ချယ်လ်ဆီးအသင်းသည် စနေနေ့က ပို့စ်မောက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်မည့် အလားအလာ မှေးမှိန်နေပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆သင်း အသင်း ရှုံးထွက်ပွဲစဉ် ပထမအကျော့ပွဲအဖြစ် ဖေဖော်ဝါရီ ၂၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းတွင် ကစားရသည့်အခါ အလားအလာ ပိုမိုကောင်းမွန်နိုင်ပြီး ကွာတားဖိုင်နယ် အသင်းသို့ တက်ရောက်နိုင်မည်ဟု အက်ရှ်လေကိုးက မျှော်လင့်သည်။ ***အင်တာနက်***

**မတ် ၃ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ အက်ရှ်လေကိုး (ယာ)နှင့် ပို့စ်မောက်အသင်းမှ နီကိုကရန်ကာတို့အား တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*



## ကဝဆရာတော် အထူးတရားပွဲ

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်၏တပည့် ကဝဆရာတော် အရှင်ဝဏ္ဏိသရ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိကသည် မတ် ၉ ရက်နှင့် ၁၀ ရက် (တပေါင်းလပြည့်ကျော် ၇၊ ၈ ရက်) ညများတွင် ဧရာဝတီတိုင်း ကျုံပျော်မြို့ လှေဆွဲ ဗုဒ္ဓပူဇနိယပွဲတော်၊ မတ် ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် ကဝမြို့နယ် ကဒါတ်စိန် စံပြကျေးရွာ၊ မတ် ၁၈ ရက်ညတွင် ခရမ်းမြို့ သက္ကာယ်ကုန်း စတုတ္ထအကြိမ် တရားပွဲ၊ မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကဝမြို့ ကံလှကျေးရွာ၊(တန်ခူးလပြည့်နှင့် လပြည့်ကျော် ၁ ရက်) ဧပြီ ၁ ရက်နှင့် ၂ရက်ညများတွင် ကဝမြို့ အောင်ဆုပန် ဦးဝင်းရှိန်-ဒေါ်သန်းသန်းဆင့် အလှူပွဲတို့တွင် ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်။ တရားပွဲပင့်ဆောင်လိုသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆၊ လိုင်းခွဲ-၁၈၁သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။ (က-ပ)


## Healthy Shop ၏ အကယ်ဒမီဂုဏ်ပြုလွှာ

၂၀၀၅ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်ပြောင်မြောက်သော အနုပညာကို ဖော်ထုတ်ပြသနိုင်သဖြင့် အောင်မြင်မှုသရဖူဆောင်းပြီး အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကိုရရှိခဲ့သော **အကယ်ဒမီများပိုင်ရှင် လူမင်း** (Healthy Shop Member ID :HO 006068) အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထပ်ဆင့်ထပ်ဆင့်သော အောင်မြင်မှုများရရှိပါစေကြောင်း Healthy Shop မှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Healthy Shop

**(ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်)**

## Healthy Shop ၏ အကယ်ဒမီဂုဏ်ပြုလွှာ

၂၀၀၅ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်ပြောင်မြောက်သော အနုပညာကိုဖော်ထုတ်ပြသနိုင်သဖြင့် အောင်မြင်မှုသရဖူဆောင်းပြီး အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို ရရှိခဲ့သော **အကယ်ဒမီများပိုင်ရှင် ထွန်းအိန္ဒြာဗို** (Healthy Shop Member ID :HO 006314) အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထပ်ဆင့်ထပ်ဆင့်သော အောင်မြင်မှုများရရှိပါစေကြောင်း Healthy Shop မှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Healthy Shop

**(ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်)**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ညောင်လေးပင်မြို့၊ အာဇာနည်လမ်း၊ အမှတ်(၃၄)နေ ဦးဝမ်း-ဒေါ်ဖြူဖြူအောင်
(ခွန်ပွင့်ရွှေဆိုင်) တို့၏ တစ်ဦးတည်းသောသား
**မောင်မြင့်ဇော်ဘို** A.G.T.I(M.T)
C.N.C Machine Engineering Technician Panasonic Refrigeration Devices Co., Ltd.(S' Pore)
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၂၇)နေ ဦးအောင်သောင်း(M.D, A. ONE THARAPHU Trading Co., Ltd.)-ဒေါ်နွဲ့နွဲ့မူ(Director, Phu Pwint Mahn Co., Ltd.)တို့၏ သမီးထွေး
**မနွေးနွေးအောင်** B.Tech(IT),B.A(English) Adv. Dip in Business Management(S' pore)

တို့၏ ၂-၂-၂၀၀၇(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးတင့်ဝေအားလည်းကောင်း၊ ၄-၃-၂၀၀၇(တနင်္ဂနွေနေ့) Sedona Hotel(Grand Ballroom) တွင်ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းညွှန့်နှင့် ဇနီး ဒေါ်သီတာကျော်တို့အား လည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးလှမြင့်နှင့် ဇနီး ဒေါ်တင်တင်ထူးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော မဟေမာနေဝင်းနှင့် Nightingale တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မမေကလျာရဲမြင့်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မရည်မွန်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသွင်မေအေး၊ မင်္ဂလာသတို့သားအရံ မောင်စွမ်းပြည့်၊ မင်္ဂလာသတို့သမီးအရံ မမေဇင်တိုးဌေး၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးသော ပွင့်ဖြူ(ပုလဲရတနာဆိုင်)၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်း၊ ပန်းအလှပြင်နီနီ(ပွိုင့်)၊ မင်္ဂလာသတို့သမီးဝတ်စုံ ဖန်တီးပေးသော IVY ၊ ဓာတ်ပုံနှင့် ဗီဒီယို ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Sedona မှ မဟန်နီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှကူညီပေးသော ဦးလှဟန်-ဒေါ်ဝါဝါသိန်း (WAH WAH Agro Co., Ltd.)အဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မြင့်ဇော်ဘို-မနွေးနွေးအောင်**

## စတုဘုမ္မိက တရားစခန်းပွဲ

**ရန်ကုန် မတ် ၆**

ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ စတုဘုမ္မိကကျောင်းတိုက်တွင် ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာန နာယက ဘဒ္ဒန္တမေဓာဝံသ(ဓမ္မကထိက)၊ ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က မတ် ၁၂ ရက်မှ ၁၈ ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ယောဂီများ တစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

### အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် တိုက်ခန်းအမည်ပေါက်၊ အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ၊ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
| --- | --- | --- |
| ဒေါ်ရာဇီယာဘာနူး၊ ၁၂/ပဘတ(နိုင်)၀၁၁၀၆၃၊ | ဦးလှသိန်း၊ ၁၂/ပဘတ(နိုင်)၀၁၁၆၂၀၊ | အမှတ်(၁၄၇) ၃လွှာ(ယာ) ၂၆ လမ်း ပန်းဘဲတန်းမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## မင်္ဂလာဆုတောင်း

ဘိုဘိုနှင့် နွေးနွေးတို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်အောင်မြင်သောအနာဂတ်ကို ပိုင်ဆိုင်နိုင်ကြပါစေသော်-

**ချစ်ကိုကြီး** - ကိုမျိုးသန်းထွဋ်
**ချစ်မမ** - မမေသူအောင်
**ချစ်တူမလေး** - ဖူးဖူး

## မင်္ဂလာဆုတောင်း

မောင်ဘိုဘိုနှင့် ညီမလေးနွေးနွေးအောင်တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်အောင်မြင်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်ကြပါစေသော်-

**ကိုကိုကျော်သူရအောင်** (ခေတ္တ-USA)

## ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄)၊အမှတ်(၅) ထွက်ပါပြီ

**ရန်ကုန် မတ် ၆**

မြန်မာ့ ဆယ်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သော တပေါင်းလ၊ မိန်ရာသီအခါသမယတွင် သရဖီပန်း၊ အင်ကြင်းပန်းတို့၏ မွှေးရနံ့များနှင့်အတူ ကျေးလက်နေ ပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာတို့ကို ဖော်ပြပေးလျက် ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ကို မတ် ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် စက်သုံးဆီ လိုအပ်ချက် ဖြည့်ဆည်းဖို့ ခြစ်ဆည်းရိုး ကြက်ဆူစိုက်ကြစို့၊မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာမှ မြန်မာ့တံမြက်စည်း၊ သီးနှံနှင့် မိုးလေဝသ ဟန်ချက်ညီညီ စိုက်ပျိုးကြ၊ ကွမ်းသီးခြံတွင် ငရုတ်ကောင်း သီးညှပ်စိုက်ပျိုးခြင်း၊ ဆီထွက်သည့် ပန်းနှမ်း၊ အလင်းခေတ်၊ ဒို့ကျေးရွာသားလုံမများကစားကြရာဝယ်၊ လူဖြစ်ရကျိုးနပ်ပါစေ၊ နောက်ဖေးခံတက် စီးပွားတက်၊ ပိန္နဲသီးနှင့် အာဟာရ၊ ဆေးဖက်ဝင် မာလာကာပင်၊ နွေရာသီအခါ ကျန်းမာရေးဂရုပြုစရာ၊ ကျွဲ၊နွား၊ ထောင့်သန်းရောဂါ၊ ယုန်မွေးမြူရေး၊ကံကောင်းတဲ့ ကျန်ကျောင်း၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသားရှိဆက် စသည့် စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာဆောင်းပါးများနှင့် ဗဟုသုတ ဖြစ်ဖွယ်ရာသတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ ရသ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာ ဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂/၂၄၊ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတင်းစဉ်)


## သုခ ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်ပြီ

* ဆရာတော် ဘဒ္ဒန္တဥတ္တရ နှင့် စာရေးဆရာဒါရိုက်တာကြီးဦးသုခတို့ ဖွဲ့စည်းတည်ထောင်ခဲ့သော နာရေးကူညီမှုအသင်း(ရန်ကုန်)၏ "သုခ ကုသိုလ်ဖြစ်ဆေးခန်း" တွင် စေတနာရှင်ဆရာဝန်ကြီးများက ဆင်းရဲချမ်းသာ၊ အသက်အရွယ်၊ လူမျိုးဘာသာမရွေး အထွေထွေရောဂါများကို ကုသိုလ်ဖြစ် (အခမဲ့) ကုသပေးနေပါပြီ။
* ဆေးခန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော စေတနာရှင်အလှူရှင်များ၊ ကုသိုလ်ဖြစ်လာရောက် ကုသပေးကြသော ဆရာဝန်၊ ဆရာဝန်မကြီးများနှင့် အသင်းသူ အသင်းသားများအား အထူးကျေးဇူးတင်ရှိပါသည်။
* ဆေးဝါးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း၊ အာယုဒါနအလှူငွေများကိုလည်းကောင်း ပါဝင်ကုသိုလ်ပြုနိုင်ကြပါပြီ။

သုခကုသိုလ်ဖြစ်ဆေးခန်း 'နာရေးကူညီမှုအသင်း (ရန်ကုန်)'သုဒဿန(၂)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သယ်န်းကျွန်း။ ဖုန်း ၅၆၀၃၃၃ , ၅၇၈၁၈၄


## သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား တာဝန်ရှိသူများက မီးဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ် နေရာချထားပေးပြီး ကူညီထောက်ပံ့ပေးလျက်ရှိ

**ရန်ကုန် မတ် ၆**

မိတ္ထီလာခရိုင် သာစည်မြို့နယ် မင်းကုန်းကျေးရွာအုပ်စု အင်းကုန်းကျေးရွာ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဦးကျော်ဌေး၏ နေအိမ်မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နေအိမ် ၄၄ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၂၅၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မီးဘေးဒုက္ခသည်များအား တာဝန်ရှိသူများက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်နေရာချထားပေးပြီး လိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စပေါင်းကာကွယ် မီးအန္တရာယ်
## လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

# ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတ္တပရ မျှတစွာ ဆောင်ရွက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း မြင်းခြံ၌ ကုန်သည်လုပ်ငန်းရှင်များအား မှာကြား

နေပြည်တော် မတ် ၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ခွာညို ကုမ္ပဏီ လီမိတက်ပိုင် ဘရာဇီး သီးမွှေးငှက်ပျောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် အမှတ်(၀၉၀) ဆန်စက်နှင့် အမှတ်(၀၂၀) ဖွဲနုဆီစက်တို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မတ် ၃ ရက်တွင် မြင်းခြံမြို့နယ်ရှိ ရွှေပဒေသာကုမ္ပဏီ၏ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းသို့ ရောက်ရှိပြီး ဝန်ကြီးက ယခင်နှစ် အတွေ့အကြုံရယူပြီး ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သိုလှောင်ဖြန့်ဖြူးရေး၊ အများပြည်သူကို စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်မြင်းခြံမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များအား မဏိကဍ္ဍနာခန်းမ၌တွေ့ဆုံပြီး ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိအကျိုးနှင့် အများပြည်သူအကျိုးဖြစ်ထွန်းရေးအတွက် အတ္တ ပရ မျှတစွာဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး ဆင်တဲဝချောင်း၊ ပင်းချောင်းတို့တွင် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော ကြက်သွန်နီ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းရှင်များအားတွေ့ဆုံ**

ဝန်ကြီးသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မတ်၄ ရက် မွန်းလွဲပိုင်းတွင် မကွေးမြို့ကုန်စည်ဒိုင်၌ ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံပြီး ဒေသ၏စီမံကိန်းဝင်သီးနှံများနှင့်စျေးကွက်ဝင်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၌ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး နတ်မောက်မြို့နယ်ရှိ ပြည့်ဖြိုးအောင် ကုမ္ပဏီ၏ ကြက်သွန် စိုက်ခင်းများကို လည်းကောင်း၊ မြို့သစ်မြို့ရှိ တိုးတက်လင်းနှင့် နယူးဂိုးလ်ဒင်းဂိတ်ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ကြက်သွန်နီ မျိုးကောင်းမျိုးသန့် ထုတ်လုပ်၍ စနစ်တကျသိုလှောင် ဖြန့်ဖြူးရေး၊ အများပြည်သူအား စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေးအတွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# NLD ဗဟိုဌာနချုပ်သို့ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က နေ့စဉ်ဝင်ထွက်ဆက်သွယ်နေ

## ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွင်း ၎င်းသံရုံးနှစ်ခုမှ (၁၈)ကြိမ်ဝင်ရောက်မှုရှိခဲ့

## NLD သည် ပြည်ပ၏ညွှန်ကြားချက်အတိုင်း နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်း နာခံလိုက်နာလုပ်ဆောင်နေ

ရန်ကုန် မတ် ၆

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ပြည်တွင်းမှ ပါတီဝင်တို့၏သဘောထား၊ မြန်မာပြည်သူတို့၏သဘောထားများကို အလေးဂရုမပြုဘဲ ပြည်ပနိုင်ငံများ (အထူးသဖြင့်) အနောက်တိုင်းနိုင်ငံကြီးများကို အားထားမှီခိုလွန်းလျက်ရှိသည်။ ထို့အပြင် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်လျက်ရှိကြောင်း ယင်းပါတီ၏လုပ်ရပ်များက သက်သေပြလျက်ရှိသည်။**

NLD ဗဟိုအနေဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးများနှင့် အမြဲမပြတ်ဆက်သွယ်၍ ယင်းသံရုံးများမှတစ်ဆင့် ညွှန်ကြားချက်အတိုင်း နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို နာခံလိုက်နာလုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုများကိုလည်း မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့၏ ဇန်နဝါရီလအတွင်း ဝင်ထွက်မှု (၃၄)ကြိမ်ရှိခဲ့ကြောင်း သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

**(၁၈)ကြိမ်လာရောက်**

ဖေဖော်ဝါရီလတွင် အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ NLDဌာနချုပ်သို့(၁၈)ကြိမ် လာရောက်၍ NLD, CECအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စာအိတ်ကြီး၊ ငယ်များပေးပို့ခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိ ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ

## ပင်လည်ဘူးမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၁၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မတ် ၆

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်အောင်နှင့်ဦးချစ်ဖေတို့သည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တောင်ရင်းကျေးရွာမှ ဦးကျော်လှိုင်၊ ဦးနေဝင်း၊ ဦးဝင်းကြိုင်၊ ဦးမောင်ဌေး၊ ဦးအေးသိန်း၊ ဦးမောင်ဦး၊ ဦးဉာဏ်လင်း၊ ဦးဒေါင်း၊ ဦးကံချွန်တို့ ကိုးဦးသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

**အ င် တ ာ န က် ကျ န် း မ ာ ရေ း သ တ င် း**



# စရိတ်သက်သာသည့် ငှက်ဖျားရောဂါကုသရေး ဆေးတစ်မျိုး သုံးစွဲနိုင်တော့မည်ဟု ဆို

**ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ခြင်နှိမ်နင်းရန် လှုံ့ဆော်ရေး ပိုစတာတစ်ခုကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ပေကျင်း မတ် ၆**

အပြည်ပြည်ဆိုင်ရာ ဆေးဝါးကုမ္ပဏီတစ်ခုနှင့် ဆေးဝါးကုသရေး စေတနာအဖွဲ့အစည်းတစ်ခုတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် စရိတ်သက်သာသည့် ငှက်ဖျားရောဂါကုသရေး ဆေးတစ်မျိုးကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ယင်းဆေးဝါးသစ်ကို အေအက်စ်အေကျူ(ASAQ) ဟူ၍ ခေါ်ဝေါ်သုံးနှုန်းသည်။ ထိုဆေးဝါးသည် ငှက်ဖျားတိုက်ဖျက်ဆေးနှစ်မျိုးကို ပေါင်းစပ်ဖန်တီးထားသောဆေးဖြစ်သည်။ ပါဝင်သောဆေးတစ်မျိုးမှာ အာတီမီ

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪**